# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် ၂၀၁၅ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ တနင်္လာနေ့ အတွဲ [၅၄]၊ အမှတ် [၂၀၄]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ၂၀၁၅ ခုနှစ်အလွန်အစီအစဉ်နှင့် မျှော်မှန်းချက်များ အချောသပ်ရေးဆွဲနေသည့် နှစ်တစ်နှစ်ဖြစ်ပြီး အာဆီယံခေါင်းဆောင်မှုဖိုရမ်၏ အရေးပါမှုကို အသိအမှတ်ပြု



**မိန့်ခွန်းပြောကြား**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှု ဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်း စာ-၈) (ဓာတ်ပုံ-ပြန်/ဆက်)

> "အာဆီယံပြည်သူများအတွက် သဟဇာတရှိပြီး ပျော်ရွှင်မှုနှင့် လုံခြုံစိတ်ချရမှုကို အာမခံချက်ပေးသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး မျှဝေမှုရှိသည့် မူဝါဒ၊ အလေးထားမှု၊ စံချိန်စံညွှန်းများကို အခြေပြုထားရမည်"

**ကျွန်တော်နဲ့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ**
ဆောင်းပါး စာ-၆

**မိုးကြိုကာလ သတိထားရမည့် ရာသီဥတုအခြေအနေများ**
စာ-၁၀

**အနည်းဆုံး အခကြေးငွေသတ်မှတ်ခြင်းကို အလုပ်သမား၊ အလုပ်ရှင်သဘောတူညီချက်နှင့် ဆောင်ရွက်ရမည်ဖြစ်**
စာ-၁၁




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဘဏ်လုပ်ငန်းဖွံ့ ဖြိုးလာမည်

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဘဏ်လုပ်ငန်းများ အရှိန်အဟုန်အားကောင်းလာရေးသည် အရေးကြီးပါသည်။ ဘဏ်များသည် ငွေကြေးစုဆောင်းနိုင်သည်သာမက အရင်းအနှီးငွေကြေးများ ထုတ်ချေးပေးနိုင်ခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ငွေကြေး အလွယ်တကူလွှဲပြောင်းပေးနိုင်ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အစိုးရဘဏ်များသာ ရှိခဲ့ရာမှ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ပြည်တွင်းပုဂ္ဂလိကဘဏ်များ ဖွံ့ဖြိုးလာခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်များသည် နိုင်ငံတစ်ဝန်းဘဏ်ခွဲပေါင်း မြောက်မြားစွာ အပြိုင်အဆိုင်ဖွင့်လှစ်လာနိုင်ပြီး ကောင်းမွန်သောငွေကြေးဝန်ဆောင်မှုများနှင့်အတူ နိုင်ငံတော်နှင့် ပြည်သူတို့၏စီးပွားရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်တွင်းပုဂ္ဂလိကဘဏ်များသာမက ပြည်ပထိပ်တန်းဘဏ်များပါ လာရောက်ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ပါသည်။ များမကြာမီက ဂျပန်နိုင်ငံ၏ ထိပ်တန်းဘဏ်ကြီး နှစ်ခုဖြစ်သော **BTMU** နှင့် **SMBC** တို့ကို မြန်မာနိုင်ငံတွင် လက်ကားများအဖြစ် ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုလိုက်ပြီဖြစ်ပါသည်။ ထိုဘဏ်များသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့်ပြုသည့် ပြည်ပဘဏ်ကိုးခုအနက် ပထမဆုံးဖွင့်လှစ်နိုင်ခဲ့သည့် ဘဏ်များဖြစ်ပါသည်။ စင်ကာပူ၊ တရုတ်၊ ထိုင်း၊ ဩစတြေးလျ အစရှိသော နိုင်ငံများမှ ထိပ်တန်းဘဏ်များလည်း လာရောက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ဤသို့ ပြည်ပဘဏ်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံဖွင့်လှစ်နိုင်မှုနှင့်အတူ မြန်မာ့စီးပွားရေးတိုးတက်ပြောင်းလဲမှုအတွက် များစွာအထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် ထိုပြည်ပဘဏ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်း၊ နည်းပညာများ မြန်မာနိုင်ငံကရရှိလာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ၊ ပြည်ပကုမ္ပဏီကြီးများ၊ ကုမ္ပဏီငယ်များအတွက် ငွေကြေးအရင်းအနှီးနှင့် ငွေကြေးလွှဲပြောင်းမှုလုပ်ငန်းများ ယုံကြည်စိတ်ချစွာဖြင့် လျင်မြန်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု **(FDI)** ဖွံ့ဖြိုးတိုးတက်လာစေရေး ဤဘဏ်လုပ်ငန်းများက အထောက်အကူပြုလာနိုင်ပါသည်။

ထို့အပြင် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက်လည်း အဓိကအရေးပါသောကဏ္ဍမှ အထောက်အကူပြုလာနိုင်ပါသည်။ ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့်လည်း ချိတ်ဆက်ပူးပေါင်းလုပ်ကိုင်မှုများမှတစ်ဆင့် မြန်မာဘဏ်များ နိုင်ငံတကာနယ်ပယ်အထိ ဖြန့်ကြက်လုပ်ကိုင်သွားနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတွင် ပြည်တွင်း ပြည်ပဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မြန်မာ့စီးပွားရေးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလာနိုင်တော့မည် ဖြစ်ပါကြောင်း။ ။



## အခွန်စနစ်ကို ပြည်သူများ နားလည်လက်ခံလာစေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၆**



အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၄ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယနေ့အချိန်သည် ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဝေဖန်ထောက်ပြမှုတို့ကို ခံနိုင်ရမည့်အချိန် ကျရောက်လာပြီဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ချက်များအားလုံးသည် ဥပဒေနှင့် ညီညွတ်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အခွန်ထမ်းဆောင်ရမည့် နည်းလမ်း၊ တွက်ချက်ရမည့်ပုံစံနှင့် ဥပဒေအရရရှိသည့် အခွင့်အလမ်းများကိုလည်း ပြည်သူများသိရှိစေရန် အသိပေးရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အခွန်စနစ်ကို ပြည်သူနားလည် လက်ခံလာစေရန် ရှင်းလင်းလွယ်ကူသည့် အခွန်စနစ်ဖြစ်စေရေး ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ဆိုင်ရာ အသိပညာပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်သာမက၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဝေဖန်ထောက်ပြချက်များကိုလည်း ပြန်လည်သုံးသပ်၍ပြင်ဆင်ရန် လိုအပ်ပါက ပြင်ဆင်သွားရန်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများကြောင့် အနံ့ဆိုးများထွက်

**မကွေး မေ ၂၆**

မကွေးမြို့ အောင်မေတ္တာရပ်ကွက်တွင် ယခင်က ဒေသခံ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် မကွေး-နေပြည်တော် ရထားလမ်း ဖောက်လုပ်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် အောင်မေတ္တာရပ်ကွက်သည်လည်း ဖွံ့ဖြိုးတိုးတက်လာပြီး စက်မှုလက်မှုအလုပ်ရုံများ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများဖြင့် လူနေမှုအဆင့် တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသော်လည်း ဒေသခံတချို့၏ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုကြောင့် မကွေး-နေပြည်တော်ရထားလမ်းနှင့် အဝေရာလမ်းထောင့်တို့တွင် မြို့အဂ္ဂိရပ်ကို အရုပ်ဆိုးအကျည်းတန်စေခဲ့သည့်အပြင် ဈေးသည်တချို့၏ စည်းကမ်းမဲ့စွန့်ပစ်သော အမှိုက်များကြောင့် အနံ့အသက်ဆိုးများသည် အနီးပတ် ဝန်းကျင်ရှိ ကလေးများနှင့် သက်ကြီးအဘိုး အဘွားတို့အတွက် ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။ ယင်းလမ်းဘေးတွင် အမှိုက်မစွန့်ပစ်ရန် ရပ်ကွက် နေတာဝန်ရှိသူများက မကြာခဏ တားမြစ်ထားသော်လည်း စည်းကမ်းမလိုက်နာသူများက အမှိုက်များစွန့်ပစ်နေကြသဖြင့်မြို့၏ ဂုဏ်ကျက်သရေကို မညှိုးနွမ်းစေရေး တာဝန်ရှိသူများက အလေးထားဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။ **ဇွဲထက်ရှင်**

ထင်သာမြင်သာပြုပြင်စရာ






**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။

### လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက်ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက်ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# နိုင်ငံတော်သမ္မတဦးသိန်းစိန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိ

**ကွာလာလမ်ပူ ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား မလေးရှားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Dato's seri Ahmad Shabery Cheek နှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်၊ စစ်သံမှူးဗိုလ်မှူးချုပ်ဝင်းမောင်နှင့် သံရုံးဝန်ထမ်းမိသားစုများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Istana ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ မြန်မာအမျိုးသမီးငယ်တစ်ဦးက ပန်းစည်းဆက်၍ကြိုဆိုစဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံတော်သမ္မတဦးသိန်းစိန် (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် မလေးရှားထွက်ခွာ

**ရန်ကုန် ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ်ဘင် တွန်း အဗ္ဗဒူလ် ရာဇတ်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ နံနက် ၈ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးတင့်ဆန်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်မာထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

**(ဓာတ်ပုံ-ပြန်/ဆက်)**



# ကျိုင်းတုံမြို့၌ မိုးရေချိန်စံချိန်သစ်တင်

ဧပြီ ၂၆ ရက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်အရ အောက်ဖော်ပြပါ စခန်း၌ ဧပြီလ၏ ၂၄ နာရီအတွင်းရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ပါသည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ကျိုင်းတုံမြို့ | ၆၈ | ၂.၆၈ | ၅၉ | ၂.၃၂ | ၁၆.၄.၂၀၀၀ | ၆၅ |

### ❁ ကျောဖုံးမှ

၇ ဒသမ ၉ ဘီလီယံခန့်အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ယခုအခါ ရာခိုင်နှုန်းပြည့် အောင်မြင်စွာ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတားကြီးအား လာမည့် မေ ၈ရက်တွင် မြန်မာနှင့်လာအိုနှစ်နိုင်ငံပြည်သူများက ချစ်ကြည်ရင်းနှီးမှုများ၊ စည်းလုံးညီညွတ်မှုများအား ဖော်ညွှန်းလျက် တံတားသစ်ကြီးဖွင့်ပွဲကို ခြိမ့်ခြိမ့်သဲသဲစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**မောင်ယဉ်ကျေး**

### ❖ ကျောဖုံးမှ

သွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် အိမ်ရှင် ထိုင်းလက်ရွေးစင်အသင်း ချေပဂိုးရရှိရန် ကြိုးပမ်းလာပြီး ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင် လေ့ကျင့်နေခြင်းဖြစ်သည်။ **ဖိုးသော်ဇင်**

## မိုးလေဝသအခြေအနေ

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**



တန်ဇန်းနီးယားသင်္ဘော အမ်ဗွီဟမယ်လ်ကို တွေ့ရစဉ်။

# ကိုကင်းနှစ်တန်ကျော် ဗြိတိသျှရေတပ်က ဖမ်းဆီးရမိ

**လန်ဒန် ဧပြီ ၂၆**

ဗြိတိသျှတော်ဝင် ရေတပ်နှင့် ကမ်းခြေစောင့်တပ်က စကော့တလန်အရှေ့ဘက် ကမ်းရိုးတန်း မြောက်ပင်လယ်အတွင်း တန်ဇန်းနီးယားသင်္ဘောတစ်စင်းကို တက်ရောက်ရှာဖွေစဉ် ကိုကင်းနှစ်တန်ကျော်ဖမ်းဆီးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဗြိတိသျှရေတပ်က ထူးခြားသောသတင်းအရ အဘာဒင်းရှိုင်းယားကမ်းရိုးတန်း အရှေ့ဘက် ၁၀၁ မိုင်အကွာ အဆိုပါသင်္ဘောကို တက်ရောက် ရှာဖွေစစ်ဆေးစဉ် ကိုကင်းများကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း အကောက်ခွန်က တနင်္ဂနွေနေ့တွင် ကြေညာထုတ်ပြန်ခဲ့သည်။

"ဒီလို တရားမဝင်မူးယစ်ဆေးဝါးတွေ အမြောက်အမြား ဖမ်းဆီးနိုင်ခဲ့တာဟာ တော်ဝင်ရေတပ်၊ နယ်ခြားစောင့်တပ်နဲ့ နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါတယ်" ဟု ယူကေ အမျိုးသားမှုခင်းနှိမ်နင်းရေး အဖွဲ့အကြီးအကဲ ဂျွန်မက်ရိုဗန်က ပြောသည်။

အဆိုပါကိုကင်းများ၏ ပမာဏကို အတိအကျ မသိရှိသေးမီဆက်လက်ရှာဖွေမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ၎င်းကပြော သည်။

**(ပရက်စ်တီဗွီ)**

# တရုတ်နိုင်ငံသို့ ငြိမ်းချမ်းရေးဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း

**အစ္စလမ္မာဘတ် ဧပြီ ၂၆**

ဒေသတွင်း ချိတ်ဆက်မှုမြှင့်တင်ရန် အီရန်ကတရုတ်နိုင်ငံကို ၎င်း၏ စွမ်းအင်ပို့ဆောင်သည့် ကွန်ရက်ကို တိုးမြှင့်ပို့ဆောင်ရန် ရည်ရွယ်ထားသည်ဟု အီရန်ကပြောခဲ့သည်။

အီရန်သည် ဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်းအရ ၎င်း၏မီးရထားလမ်းများ၊ ယာဉ်သွားလမ်းများ၊ ဆိပ်ကမ်းများ၊ ဆက်သွယ်ရေးကဏ္ဍနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာကဏ္ဍများကို တိုးချဲ့သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး အလီဒက်စ်ဂါခါဂျီက ပြောခဲ့သည်။ စွမ်းအင်ပိုက်လိုင်းများတိုးမြှင့်တပ်ဆင်ခြင်းဖြင့် ဒေသတွင်းလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကူအညီပေးရာရောက်မည်ဖြစ်ကြောင်း ၎င်းသံအမတ်ကြီးက တရုတ်မီဒီယာသို့ ပြောကြားခဲ့သည်။

အီရန်သည် ၎င်းနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ပါကစ္စတန်နိုင်ငံနှင့်လည်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို တည်ဆောက်ပြီးဖြစ်သည်။

ပါကစ္စတန်သည် အဆိုပါ စီမံကိန်းတွင် တရုတ်ထံမှ ငွေကြေးအကူအညီရရန် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်နည်းပညာရပ် နှင့်ပတ်သက်ပြီး အီရန်ကိုအရေးယူပိတ်ဆို့ထားမှုများ ဖယ်ရှားပြီးနောက် ပါကစ္စတန်က အီရန်နှင့်ပူးပေါင်းဆောင်ရွက်ထားသော ပိုက်လိုင်းစီမံကိန်းကို တိုးချဲ့တပ်ဆင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးပိုက်လိုင်းဟု အမည်ပေးထားသော အဆိုပါသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် အီရန်၏စွမ်းအင်ထုတ်လုပ်ရာ အဓိကနေရာဖြစ်သော Assalyelမှ ပါကစ္စတန်သို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ပေးရန် ရည်ရွယ်ထားသည်။ ထိုသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာစက်ရုံများတွင် လောင်စာမလုံလောက်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ပါကစ္စတန် ဓာတ်ငွေ့ပိုက်လိုင်းသွယ်မည့်ကိစ္စကို တရုတ်နိုင်ငံနှင့်လပေါင်းများစွာကြာအောင် ဆွေးနွေးခဲ့ရကြောင်း ဝေါလ်စထရိဂျာနယ်၌ အစောပိုင်းကဖော်ပြခဲ့သည်။

အီရန်နှင့်ပါကစ္စတန်သည် အဆိုပါစီမံကိန်းကို ဆယ်စုနှစ်နှစ်ခုနီးပါးကြာအောင် ဆွေးနွေးခဲ့သော်လည်း အဆိုပါစီမံကိန်းသည် ငွေကုန်ကြေးကျများပြီး အမေရိကန်က ဝင်ရောက်စွက်ဖက်ခဲ့သော အကြောင်းတို့ကြောင့် အပြီးသတ်သဘောတူညီမှု မရှိခဲ့ပေ။ **(ပရက်စ်တီဗွီ)**

# တာလီဘန် ၁၀၄ ဦးကို တစ်နေ့တည်း အာဖဂန်တပ်များချေမှုန်း



**ကဘူးလ် ဧပြီ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ၂၄နာရီအတွင်း စစ်ဆင်ရေးပြုလုပ်စဉ် တာလီဘန်စစ်သွေးကြွ ၁၀၄ ဦးအား သုတ်သင်ချေမှုန်းနိုင်ခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များသည် ပြည်နယ်များ၌ စစ်ဆင်ရေး ဆင်နွှဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက စနေနေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

တာလီဘန်များ အကြီးအကျယ်ထိခိုက်ဆုံးရှုံးသော ပြည်နယ်များမှာ ဖာရပ်၊ ဟယ်လ်မန်း၊ ဘက်ဂျစ်နှင့် ကွန်ဒုဇ်ပြည်နယ်များ ဖြစ်ကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။

အဆိုပါ သေဆုံးသူများတွင် မူလာမီယာအာမက်ဟု လူသိများသော ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးအပါအဝင် တာလီဘန်တပ်မှူးများလည်း ပါဝင်သည်ဟု ဆိုသည်။

စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း တာလီဘန်စစ်သွေးကြွ ၈၉ ဦး ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးကိုဖမ်းဆီးနိုင်ခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ထပ် လောင်းဖော်ပြ သည်။

ကွန်ဒုဇ်ပြည်နယ်မြောက်ပိုင်းမှ လာသော သီးခြားသတင်းတစ်ရပ်တွင် တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို တန်ပြန်တိုက်ခိုက်ခဲ့ရာ တာလီဘန် ၂၅ဦးနှင့်ရဲအရာရှိ နှစ်ဦး၊ အရပ်သားတစ်ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

# နီပေါတွင် ငလျင်လှုပ်ခတ်ခဲ့မှု ကယ်ဆယ်ရေး အင်တိုက်အားတိုက် လုပ်ဆောင်

**ခတ္တမန္ဒူ ဧပြီ ၂၆**

နှစ် ၈၀ ကျော်အတွင်း အင်အားအပြင်းဆုံး ငလျင်တစ်ခု နီပေါနိုင်ငံ၌ လှုပ်ခတ်ခဲ့ရာလူပေါင်း ၂၀၀၀ နီးပါး သေဆုံးခဲ့ပြီးနောက် ကယ်ဆယ်ရေး အင်အားစုများက ရှာဖွေကယ်ဆယ်မှုများ အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။

ငလျင်ဒဏ်သင့်ခဲ့သည့် နီပေါနိုင်ငံအား နိုင်ငံများစွာနှင့်နိုင်ငံတကာအဖွဲ့အစည်းများက အကူအညီအထောက်အပံ့များ ပေးအပ်မည်ဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဧဝရက်တောင်ပေါ်ရှိ နှင်းထု၊ ရေခဲထုနှင့်ကျောက်တုံးများ တစ်ဟုန်ထိုးကျလာခဲ့ရာ တောင်ပေါ်ရှိ လူ ၁၇ ဦးသေဆုံးခဲ့သည်။

သေဆုံးမှုနှုန်း များပြားလာလျက်ရှိသည်ဟု အာဏာပိုင်များကဆိုသည်။ ခတ္တမန္ဒူ မြို့ဆေးရုံများတွင် ဒဏ်ရာရရှိသူများစွာကို အသက်ကယ်ဆယ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ကယ်ဆယ်ရေးအဖွဲ့များသည် အပျက်အစီးများ၊ အုတ်ကျိုးအုတ်ပဲ့များအောက်ရောက်နေသည့် အသက်ရှင်ကျန်ရစ်သူများကို စနေနေ့ညတစ်ညလုံး ရှာဖွေကယ်ဆယ်ခဲ့ရသည်။

ပမာဏ ၇ ဒသမ ၈ ပြင်းအားရှိသည့် မြေငလျင်သည် နီပေါမြို့တော် ခတ္တမန္ဒူနှင့်ပို့ခရာမြို့တို့တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံ တိဘက်ဒေသတို့တွင်လည်း ငလျင်ဒဏ်သင့်သူများရှိခဲ့သည်။ ကယ်ဆယ်ရေးလုပ်ဆောင်မှုများ ပြုလုပ်လျက်ရှိပြီး ပြန်လည်ထူထောင်ရေး စီမံချက်ချမှတ်ထားပြီးဖြစ်သည်ဟု သတင်းအချက်အလက်နှင့် ရုပ်သံထုတ်လွှင့်မှုဝန်ကြီး မီနန်ဒရာရာဂျေးလ်က အိန္ဒိယရုပ်သံသို့ ပြောကြားခဲ့သည်။ **(ဘီဘီစီ)**



# အိုဘားမား၏ အမျိုးအစားခွဲခြားမရသေးသော အီးမေးလ်များကို ရုရှားဟက်ကာများ ဖော်ထုတ်

**ဝါရှင်တန် ဧပြီ ၂၆**

ပြီးခဲ့သောနှစ်က အိမ်ဖြူတော် ကွန်ပျူတာစနစ်ကို ထိုးဖောက်ကာ ရုရှားဟက်ကာများသည် သမ္မတအိုဘားမား၏ အီးမေးလ်များကို ဝင်ဖတ်ခဲ့သည်ဟု နယူးယော့တိုင်းမ်သတင်းစာတွင် စနေနေ့က ဖော်ပြထားသည်။

သမ္မတ၏ အီးမေးလ်အကောင့် ခိုးယူခံရသည်ကို သက်သေမပြနိုင်ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများကဆိုသည်။ ယမန်နှစ်က ဖြစ်ပွားခဲ့သည့် အဆိုပါ ဖြစ်ရပ်ကို ယခုလစောစောပိုင်းက အိမ်ဖြူတော်မှ အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ဖြစ်ရပ်သည် လူသိရှင်ကြားဖြစ်သွားပြီး စိုးရိမ်စရာကိစ္စဖြစ်လာသည်ဟု သတင်းစာတွင် ဖော်ပြထားသည်။ ကွန်ရက်ဆက်သွယ်မှုများကို အတည်ပြု ခွဲခြားပြောဆိုခြင်း မရှိသေးသော်လည်း အဆိုပါ စနစ်တွင် သံတမန်ကိစ္စ၊ ပုဂ္ဂိုလ်ရေးရာ အပြန်အလှန် ဆက်သွယ်မှုများ၊ ဥပဒေရေးရာကိစ္စများ၊ မူဝါဒရေးရာ ဆွေးနွေးချက်များနှင့် သမ္မတ၏ လုပ်ငန်းအစီအစဉ်များ စသည်ဖြင့် သတိထားကိုင်တွယ်ရမည့် အချက်အလက်များ ပါဝင်သည်ဟု ဆိုသည်။

ဟက်ကာများ ခိုးယူသွားသော အိုဘားမား၏ အီးမေးလ်များနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ နယူးယောက်တိုင်းမ်တွင် ဖော်ပြထားပြီး သမ္မတ၏ အီးမေးလ်အကောင့်သည် ခိုးယူခံရခြင်း မရှိဘဲ သီးခြားရှိနေသည်ဟု ဆိုသည်။

အိမ်ဖြူတော် အထက်တန်းအရာရှိများက အဆိုပါ ချိုးဖောက်မှုအကြောင်းကို လအတန်ကြာကတည်းက သိပြီးဖြစ်သည်ဟု သတင်းစာတွင် ဖော်ပြထားသည်။

**(ရိုက်တာ)**

## မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်းဆရာတော် ဘဒ္ဒန္တကေသရ ပျံလွန်တော်မူ

**နေပြည်တော် ဧပြီ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တကေသရ သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၄၄)ဝါရှိ အဘိဇဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆရာတော် ဘုရားကြီးသည် ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်(၂၀၁၅ ခုနှစ် ဧပြီလ ၂၆ ရက်၊ တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတဦးသိန်းစိန် နီပေါနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပြည်သူများ ထိခိုက်သေဆုံးပျက်စီးမှုအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် နီပေါနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပြည်သူများ ထိခိုက်သေဆုံးပျက်စီးဆုံးရှုံးခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာရမ်ဘာရမ် ရာဒွေဗ်နှင့် ဝန်ကြီးချုပ် မစ္စတာဆူရှီကွိုင်ရာလာတို့ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့သည်။

**(သတင်းစဉ်)**

## မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်း ဆရာတော်ဘဒ္ဒန္တကေသရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာကို မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ လက်တက်ကျေးရွာ၌ အဖ ဦးနိုင်ဖေ၊ အမိ ဒေါ်တရုတ်မတို့မှ ၁၂၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် (တနင်္လာနေ့)တွင် ဖွားမြင်တော်မူခဲ့သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း**

၁၃၃၃ ခုနှစ်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ ဇောတိကာရာမကျောင်း ခဏ္ဍသိမ်၌ ဇောတိကာရာမကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကတိုးကော့နှပ်ကျောင်းဆရာတော်နှင့် ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လတို့ထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သာသနာပြုသက်တမ်း နှစ် ၅၀ အတွင်း မြန်မာပြည်အရပ်ရပ်ရပ်ရှိ သုသာန်ပေါင်း ၁၃၃ ခုတွင် ကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့် ဓုတင် ၁၃ ပါးကို ပြင်းပြင်းထန်ထန် ကျင့်ကြံတော်မူပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ဇာသပြင် သာသနာပြုစခန်း၊ မုဒုံမြို့နယ် ခပ်ရခပ်ယူ သာသနာပြုစခန်း၊ ကမာချိုင့် သာသနာပြုစခန်း၊ ကမာတာ သာသနာပြုစခန်း၊ ကမာခရဲသာသနာပြုစခန်း၊ ကော့ဟဘင်ကွင်းကလေးသာသနာပြု စခန်း၊ ကွေ့ဝမ်းကျေးရွာ သာသနာပြုစခန်း၊ နိုင်းပြိုင်ကျေးရွာသာသနာပြုစခန်း၊ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ သာသနာပြုစခန်းတို့ကို ထူထောင်၍ ပဋိပတ္တိသာသနာတော်ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်။ ဝင်းစိန်တောရသာသနာပြု စခန်းတွင် အတောင် ၄၀၀ ပြည့် ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူဘုရားကြီး တည်ထားကိုးကွယ်ခြင်းအပါအဝင် စေတီပုထိုးပေါင်း ၆၀၀ ကျော်တို့ကို ပြုပြင်မွမ်းမံတည်ထားခြင်း၊ သာသနိကအဆောက်အအုံ ၃၀ ကျော်တို့ကို ပြုပြင်မွမ်းမံတည်ဆောက်ခြင်းများအပြင် ပြည်ပနိုင်ငံများသို့ ကြွရောက်သာသနာပြုခြင်း၊ အခြေခံပညာမူလတန်းကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူမျိုးပေါင်းများစွာကို ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လ ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနာ့ဓုရာဝဟဂုဏ်၊ လဇ္ဇီပေသလ္လသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဇဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၄၄ ဝါအရ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် (၂၆-၄-၂၀၁၅) တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ **(သတင်းစဉ်)**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ ဒုတိယပွဲစဉ်(ပဲခူး)၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၆**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း(Myanmar PGA) တို့က ကြီးမှူး၍ မြဝတီဘဏ်မှအဓိက ကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုင်ပြိုင်ပွဲဒုတိယပွဲစဉ်ကို ၂၀၁၅ ခုနှစ် မေ ၇ ရက်မှ ၁၀ ရက်အထိ ပဲခူးမြို့ရှိ ဟံသာဝတီဂေါက်ကလပ်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့် အပျော်တမ်းအမျိုးသား (Handicap-0-12)အဆင့်ရှိသူများနှင့် အမျိုးသမီး(Handicap-0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ကစားသမားများသည် ပြိုင်ပွဲတွင်အသုံးပြုခွင့် (Confirming) ရရှိထားသော ဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မေ ၅ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း (၀၉-၂၀၃၇၆၇၁-၀၉-၂၅၀၁၆၈၂၈၅၊၀၉-၇၃၁၃၀၄၇၄) နှင့် ပြိုင်ပွဲကျင်းပမည့်ဟံသာဝတီဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များကို ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် Official Practice Round အား မေ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်နေ့တစ်ဝက်ခွင့်ပြုထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများ ၃၀၀၀၀ ကျပ်၊ အပျော်တမ်းအဆင့်အမျိုးသားနှင့် အမျိုးသမီး ၁၀၀၀၀ ကျပ်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေး နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ပါသဖြင့် မေ ၅ ရက် နောက်ဆုံးထားကာပေးသွင်းရမည်ဖြစ်သည်။

သွားလာရေးအဆင်ပြေစေရန်အတွက်ရန်ကုန်မြို့မှပဲခူးသို့ မေ ၄ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး လိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့ ကျောက်ရေတွင်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း(HAN Event Management) သို့ကြိုတင်စာရင်းပေးသွင်းပေးရမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**




## မြစ်ခြေတိုက်နယ်ဆေးရုံတွင် ဝမ်းလျှောကလေးငယ်တစ်ဦး ဆေးထိုးခဲ့ရာမှ ပါးစပ်မှ အမြှုပ်များထွက် သေဆုံးမှုဖြစ်ပွား

**ပခုက္ကူ ဧပြီ ၂၆**

ပခုက္ကူမြို့နယ် မြစ်ခြေနယ်မြေရဲစခန်းမှ ရဲအုပ်မြင့်စိုးနှင့်အဖွဲ့သည် ဧပြီ ၂၅ ရက်နံနက် ၇ နာရီက တာဝန်ထမ်းဆောင်နေစဉ် မြစ်ခြေတိုက်နယ်ဆေးရုံမှ ဒေါက်တာရဲခေါင်က အဆိုပါဆေးရုံ၌ ဝမ်းလျှောရောဂါဖြင့်လူနာတစ်ဦး ဆေးရုံတက်ရောက်ကုသနေစဉ် ပါးစပ်မှအမြှုပ်များထွက်၍ သေဆုံးသွားကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးခဲ့ရာ ငွေးလင်းအောင်(ခ)လပြည့်ဖြိုး (၃ နှစ်)အိုးဘိုကျေးရွာ ပခုက္ကူမြို့နယ်နေသူသည် ဧပြီ ၂၄ ရက်ည ၈ နာရီက ဝမ်းလျှော ရောဂါဖြင့်ဆေးရုံတက်ရောက်ကုသနေစဉ် ဧပြီ ၂၅ ရက်နံနက် ၇ နာရီ၌ဆေးရုံတာဝန်ကျဆရာမ ဒေါ်ခင်သူဇာ (အထက်တန်းသူနာပြု)က ကလေးငယ်အားဆေးထိုးခဲ့ရာ ဆေးထိုးအပြီး ကလေးငယ်၏ ပါးစပ်မှအမြှုပ်များထွက်၍ ခန္ဓာကိုယ်တွန့်လိမ်ကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေး သိရှိခဲ့သဖြင့် အဆိုပါ ကလေးငယ်သေဆုံးခြင်းနှင့် ပတ်သက်၍ သေဆုံးခြင်း အကြောင်းရင်းမှန်ကို သိရှိ နိုင်ရန်အတွက် ရဲအုပ်မြင့်စိုးဦးက တိုင်တန်းခဲ့သဖြင့် ပခုက္ကူမြို့နယ် မြစ်ခြေနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

## စစ်ဆေးရေးဂိတ်သို့ ရှေ့ဆင့်နောက်ဆင့် မောင်းနှင်ဖြတ်သန်းလာသောယာဉ်ငါးစီးပေါ်မှ သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်း အရွယ်မျိုးစုံ အများအပြား သိမ်းဆည်းရမိ

**နောင်ချို ဧပြီ ၂၆**

မူဆယ်-မန္တလေးကားလမ်းကြောင်း တစ်လျှောက် စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဦးစီးဌာန ဦးသိန်းထွန်းဦး (ညွှန်ကြားရေးမှူး ) ဦးစီးသော လရ(၁) မိုဘိုင်းတင်းမ် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ယာဉ်များကို နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီး၌အခြေပြု၍ စစ်ဆေးကြစဉ် မန္တလေးဘက်မှ မူဆယ်ဘက်သို့ သွားမည့်ယာဉ်ငယ်ငါးစီးသည် ရှေ့ဆင့်နောက်ဆင့် ဖြတ်သန်းလာစဉ် ပူးပေါင်းအဖွဲ့တို့က ရပ်တန့်စစ်ဆေးကြရာ ယာဉ်မောင်းများက ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

ယာဉ်အမှတ် 3G/---- (Nissan Cefino) ဝင်ရောက်လာစဉ် အသေးစိတ် စစ်ဆေးရာ တရားမဝင်သို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးဆိုက်စုံ ၅၄ တုံးနှင့် ကျောက်ဖြတ် စအသေးတစ်ထုပ်၊ 9D/---(Grande Mark II) ပေါ်တွင် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဆိုက်စုံ အတုံး ၇၀ တုံး၊ 1E/--- Toyota Vitz ပေါ်တွင် ကျောက်စိမ်းဟုယူဆရသည့်လက်ကောက်ဖြတ်စ ငါးအိတ်၊ DD/--- (AD Van) ပေါ်တွင် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ဖြတ်စ ငါးအိတ်၊ ကျောက်တုံးဆိုက်စုံ ၄၂ တုံး၊ 6G/--- (Grandis Misubishi) ပေါ်တွင် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဆိုက်စုံ ၂၆ တုံး၊ ကျောက်တုံးဆိုက်စုံ ငါးထုပ်ပါ တစ်အိတ်၊ လက်ကောက်ကွင်းကြမ်း နှစ်အိတ်၊ လက်ကောက်ကွင်းချော တစ်အိတ်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး၊ လက်ကောက်ဖြတ်စ၊ လက်ကောက်ကွင်း (ကြမ်း၊ချော) များနှင့် ယာဉ်များကို ခန့်မှန်း တန်ဖိုးနှင့် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး အရေးယူဆောင်ရွက်သွားကြောင်း သိရသည်။ **(ဝဇ၁)**

## ကမမောင်းမြို့ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၁ လုံးပျက်စီး

**ကမမောင်း ဧပြီ ၂၆**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ ဧပြီ ၂၄ ရက် ညနေ ၅ နာရီခွဲက လေပြင်းများ ရုတ်တရက်တိုက်ခတ်ခဲ့သဖြင့် ရပ်ကွက်နှင့် လမ်းများ၌ သစ်ပင်များပြိုလဲပြီး လူနေအိမ် ၁၁ လုံးပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးသွားသောနေအိမ်များ၏ အိမ်ထောင်စုများအတွက် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဧပြီ ၂၅ ရက် မွန်းလွဲ ၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ အိမ်ထောင်စုတစ်စုလျှင် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ငွေကျပ်တစ်သိန်းစီနှင့် ငွေကျပ်နှစ်သောင်းတန် ဆန်အိတ်တစ်အိတ်စီ စုစုပေါင်းငွေကျပ် ၁၃ သိန်း နှစ်သောင်းကျပ်ကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖာပွန်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကမမောင်းမြို့အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ရာအိမ်ထောင်စုအလိုက် လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျွန်တော်နဲ့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

ပါမောက္ခဒေါက်တာ
အောင်ထွန်းသက်

ကျွန်တော့်ဘဝမှာ တစ်နေ့က မမျှော်လင့်ဘဲထူးခြားလှတဲ့ အခွင့်အရေးတစ်ခု ရခဲ့ပါတယ်။ ကျွန်တော်ဟာ ၁၉၆၁ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ ဥပစာဝိဇ္ဇာပထမနှစ် သင်တန်းကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းမတက်မီ မောင်မယ်သစ်လွင်များကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမမှာ ပါမောက္ခချုပ်နဲ့ပါမောက္ခတွေက ကြိုဆိုနှုတ်ဆက်ကြပါတယ်။ ဒီပွဲမှာ စင်မြင့်ပေါ်မှာ နေရာယူထားကြတဲ့ ဆရာ၊ ဆရာမကြီးတွေကိုကြည့်ပြီး ရန်ကုန်တက္ကသိုလ်ပထမနှစ် ကျောင်းသားဖြစ်တဲ့ ကျွန်တော်ဟာ အလွန်အားကျနေမိတယ်။ သူတို့ကိုငေးကြည့်နေမိတယ်။ ကျွန်တော်မှတ်မိတာက စင်မြင့်ပေါ်မှာ ဆရာကြီးဝီလျံပေါ်နဲ့ ဆရာကြီးဒေါက်တာ မောင်ရှိန်။ ဒီတုန်းက ဆရာရှိန်က ကတုံးဆံတောက်နဲ့။ သူက လူချော၊ အသားဖြူဖြူနဲ့။ ဆရာမကြီးတွေကလည်း ဘွဲ့ဝတ်စုံရောင်စုံတွေနဲ့ သိပ်ကြည့်လို့ကောင်းတာ။

ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်ခန်းမရောက်တာက ၁၉၆၅ ခုနှစ်။ ဒီအချိန်မှာတော့ကျွန်တော်က ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ရတာမို့ ဘွဲ့တက်ယူတာ။ ကျွန်တော့်ရဲ့ မိဘနှစ်ပါးရဲ့ဂုဏ်ယူနေတဲ့ မျက်နှာတွေကို အခုထိမြင်ယောင်နေမိပါတယ်။ ကျွန်တော့်ကိုပညာသင်ပေးခဲ့တဲ့ မိဘတွေကို လည်းအမြဲအမှတ်ရခဲ့တယ်။ ဒီလိုနဲ့ အချိန်တွေကြာမြင့်လာပြီး ပထမအကြိမ် အမေရိကန်သမ္မတ အိုဘားမား မြန်မာပြည်လာရောက်စဉ် ရန်ကုန် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမမှာ မိန့်ခွန်းပြောတာကို ရုပ်မြင်သံကြားက တစ်ဆင့်ကြည့်လိုက်ရပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ကျကျနန ပြုပြင်ထားတာမို့ ကျက်သရေရှိလှပါတယ်။ နောက်တော့ နော်ဝေဘုရင်ကြီးရယ်၊ ဂျာမနီနိုင်ငံသမ္မတကြီးရယ် ဘွဲ့နှင်းသဘင်ခန်းမမှာပဲ မိန့်ခွန်းပြောတာကို မြင်တွေ့လိုက်ရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ သူတို့လိုပဲ ဘွဲ့နှင်းသဘင်ခန်းမမှာမိန့်ခွန်းပြောချင်လိုက်တာလို့ စိတ်ကူးယဉ်မိခဲ့တာအမှန်ပါ။ ဒါဟာ စိတ်ကူးယဉ်သက်သက်သာဖြစ်ပြီး လက်တွေ့မှာ မဖြစ်နိုင်ဘူးဆိုတာကိုတော့ သိနေပါတယ်။

အများပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်ပေါ်ပေါက်ဖို့ တာဝန်ပေးတဲ့ အထူးကိုယ်စားလှယ်လည်းဖြစ်ပါတယ်။ မြန်မာပြည်ကို လာရောက်တာက အမှန်တော့ ဒုတိယတာဝန်ကြောင့်လာခြင်း ဖြစ်ပါတယ်။ သူ့ကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကိုယ်တိုင် ဆွစ်ဇာလန်နိုင်ငံမှာ နှစ်စဉ်ကျင်းပခဲ့တဲ့ ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ဆုံခဲ့စဉ်က မြန်မာနိုင်ငံသို့လာရောက်ဖို့ ဖိတ်ကြားခဲ့တာဖြစ်ပါတယ်။ မိဖုရားဟာ အသက် ၄၀ ကျော်သာရှိပြီး အာဂျင်တီးနားနိုင်ငံသူ ဖြစ်ပါတယ်။ သူက မြန်မာပြည်ကို လာရောက်ရင်း နိုင်ငံခေါင်းဆောင်များနဲ့ တွေ့ရှုံသာမက နေပြည်တော်မှာကြီးမှူးကျင်းပတဲ့ အစည်းအဝေးကို တက်ရောက်ဖို့စီစဉ်ထားတာဖြစ်ပါတယ်။

ဘုရင်မကြီးကို တက္ကသိုလ်ကျောင်းသား ကျောင်းသူ ဆရာ ဆရာမများနဲ့ ထိတွေ့နိုင်ဖို့ လူကြီးတွေရဲ့စေတနာကြောင့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ မိန့်ခွန်းပြောဖို့လည်း စီစဉ်ခဲ့ပါတယ်။ ဒီအစီအစဉ်ရေးဆွဲစဉ် ဘုရင်မကြီး မိန့်ခွန်းမပြောမီ ကျွန်တော့်ကို သူဟောမယ့်ခေါင်းစဉ်နဲ့ ဆီလျော်တဲ့ စီးပွားရေးအခြေခံသဘောတွေပြောပေးပါဆိုလို့ ကျွန်တော့်အတွက် မျှော်လင့်မထားတဲ့ အခွင့်တစ်ရပ်ရရှိခဲ့တာဖြစ်ပါတယ်။

**ပရိသတ်တွေထဲမှာ နိုင်ငံခြားသားတွေလည်းပါဝင်နေတာမို့ ကျွန်တော်က မြန်မာနဲ့ အင်္ဂလိပ်စကားညှပ်ပြီး ဟောခဲ့ပါတယ်။ နိုင်ငံခြားသားတွေပါဝင်တာမို့ မြန်မာနိုင်ငံယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့အကြောင်းအရာတစ်ခုကို တင်ပြခဲ့ပါတယ်။ မြန်မာဇာတ်တွေမှာ အငြိမ့်တွေမှာ မင်းသမီး၊ မင်းသားတွေ မထွက်လာမီ ပရိသတ်တွေကိုဧည့်ခံဖို့ လူရွှင်တော်တွေက ပရိသတ်တွေ အရှေ့ထွက်ပြီး ပရိသတ်ကို ဧည့်ခံရပါတယ်။ ဒါကို အင်္ဂလိပ်စကားအသုံးအနှုန်းက “ War- ming up” ပရိသတ်တွေကို သွေးပူလေ့ကျင့်မှုပြုခြင်းဖြစ်ပါတယ်။ အခုလို ကြိုးစားလိုက်တော့ ကိုယ့်အခြေအနေ အနေအထားကို အသေအချာသုံးသပ်မိပါတယ်။ တစ်နည်းပြောရရင် ကျွန်တော်ဟာ ဇာတ်ပို့သာဖြစ်ပြီး မင်းသမီးကတော့ ဘုရင်မကြီးသာဖြစ်ပါတယ်။**

ကျက်သရေအပြည့်ဖြစ်ပါတယ်။ နံရံတွေဆေးသုတ်မထားတာမို့ ရေညှိတွေနဲ့ အလှဆင်ထားပါတယ်။ မုခ်ဦးအရှေ့က ခြင်္သေ့ကြီးနှစ်ကောင်ဟာလည်း အလွန်တင့်တယ်လှပါတယ်။ ဒုတိယသင်္ကေတကတော့ ကျောင်းသားကျောင်းသူတိုင်း ချစ်မြတ်နိုးတဲ့ သစ်ပုပ်ပင်ကြီးသာဖြစ်တယ်။ ဒီအပင်ကြီးဟာ ခံ့ညားနေပါတယ်။ တစ်ချိန်က သစ်ပုပ်ပင်ကြီးအကြောင်း ကျွန်တော်ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါတယ်။ နာဂစ်မုန်တိုင်းတိုက်ပြီး နောက်တစ်နေ့ ကျွန်တော်တို့နေတဲ့ အင်းလျားလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းမှာရှိတဲ့ သစ်ပင်ကြီးတွေပြိုလဲနေခဲ့တယ်။ ကျွန်တော်နဲ့ သမီးငယ် မနက်အစောကြီးထပြီး တက္ကသိုလ်ရိပ်သာလမ်းအတိုင်း လမ်းလျှောက်ပြီး အဓိပတိလမ်းမကြီးဆီလျှောက်ခဲ့တယ်။ တစ်လမ်းလုံးပြိုလဲနေတဲ့သစ်ပင်တွေနဲ့ လွှမ်းခြုံထားတဲ့ တောထဲခရီးသွားရသလို ခက်ခဲခဲ့တယ်။ သိစိတ်ကြောင့်လား၊ မသိစိတ်ကြောင့်လား မသိဘူး။ သွားရင်း သွားရင်းနဲ့ အဓိပတိလမ်းကတစ်ဆင့် သစ်ပုပ်ပင်ကြီးရှေ့ သားအဖနှစ်ယောက် ရောက်ခဲ့ပါတယ်။ ထူးခြားတာက ကျန်တဲ့သစ်ပင်တွေ ကျိုးပဲ့နေပေမယ့် သစ်ပုပ်ပင်ကြီးကတော့ ခပ်တည်တည်နဲ့ ရပ်တည်နေခဲ့တယ်။ စိတ်ထဲမှာပြေးပြီး သစ်ပုပ်ပင်ရှိနေသရွေ့ ဒို့တက္ကသိုလ်ကြီးတည်မြဲနေမှာပဲလို့ စိတ်ထဲက ဖြစ်မိပါတယ်။

တတိယသင်္ကေတကတော့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ပဲဖြစ်ပါတယ်။ အလွန်ထည်ဝါလှပြီး စာအုပ်စာတမ်းတွေ အပြည့်အဝနဲ့ စာကြည့်တိုက်ဟာ အမှန်တော့ အများနားလည်ထားသလို စာအုပ်တွေ စုထားရုံသက်သက်မဟုတ်ပါဘူး။ စာအုပ်ဆိုတာက အမှန်တော့ အသိတရားတွေသာ ဖြစ်ပါတယ်။ နောက်ဆုံးသင်္ကေတကတော့ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းကြီး ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကို တည်ထောင်စဉ် ကောလိပ်နှစ်ခု ပေါင်းစည်းပြီး တည်ထောင်ခဲ့ခြင်းဖြစ်တယ်။ တစ်ခုက University College တက္ကသိုလ်ကောလိပ်ဖြစ်ပြီး နောက်တစ်ခုကတော့ (Judson College) ဂျပ်ဆင်ကောလိပ်ဖြစ်ပါတယ်။ ဒီနေရာမှာ အင်္ဂလန်နိုင်ငံရဲ့ တက္ကသိုလ်ပညာရေးစနစ်နဲ့ပတ်သက်ပြီး သိထားဖို့သင့်ပါတယ်။ သူတို့ဆီမှာရှိတဲ့ နာမည်ကြီးတက္ကသိုလ်တွေဖြစ်တဲ့ Oxford တို့၊ Cambridge တို့ဟာ အမှန်တော့ ကောလိပ်အသီးသီးနဲ့ ဖွဲ့စည်းထားခြင်းသာဖြစ်တယ်။ Oxford University ဆိုတဲ့ အဆောက်အအုံ သတ်သတ်မှတ်မှတ်မရှိဘဲ ဒီတက္ကသိုလ်ရဲ့ အဖွဲ့ဝင် ကောလိပ်များနဲ့ စုစည်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ကို တည်ထောင်စဉ်ကာလ ကောလိပ်နှစ်ခုနဲ့ တည်ထောင်ခဲ့ခြင်းသာဖြစ်ပါတယ်။

ဂျပ်ဆင်ဘုရားရှိခိုး ကျောင်းကြီးကိုတော့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတိုင်းသိကြပါတယ်။ ဘုရားရှိခိုးကျောင်းအရှေ့က မြက်ခင်းပြင်ကြီးမှာ ဘုရားရှိခိုးကျောင်းကြီး နောက်ခံထားပြီး ဓာတ်ပုံရိုက်ကြပါတယ်။ ဒါပေမယ့် ဂျပ်ဆင်ဘုရားရှိခိုးကျောင်းအတွင်း ဝင်လိုက်ရင် နဖူးစည်းမှာရေးသားထားတဲ့ စာပုဒ်ဟာ ပညာရေးစနစ်တစ်ခုရဲ့ အနှစ်သာရဖြစ်ပါတယ်။ ဒါကတော့ သမ္မာကျမ်းလာစာပုဒ်တစ်ခုဖြစ်တဲ့ “အမှန်တရားသည် သင့်ကိုလွတ်လပ်စေ၏။” " The truth shall make you free " အမှန်တော့ ပညာရေးစနစ်ဟာ အမှန်တရားကိုရှာဖွေခြင်းသာဖြစ်ပါတယ်။

**ကျွန်တော်က ဘုရင်မကြီးမရောက်ခင် မိနစ် ၂၀ လောက်ဟောခဲ့ပါတယ်။ အချိန်စေ့လို့ တာဝန်ရှိသူတွေနဲ့အတူ ဘုရင်မကြီးကို ကြိုဆိုပြီး သူ့ရဲ့မိန့်ခွန်းကို နားထောင်ခဲ့ပါတယ်။ သူဟာ အထူးကိုယ်စားလှယ်ဖြစ်တာမို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာအများပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်တစ်ခု ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ရိုးရိုးလေးပြောရရင်တော့ ဆင်းရဲသား/သူတွေကို စရိတ်သက်သက်သာသာနဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေပေးနိုင်အောင် ဆောင်ရွက်ပေးဖို့ တိုက်တွန်းခဲ့ပါတယ်။ အများသိတဲ့အတိုင်း ဘဏ်တွေနဲ့ ဆင်းရဲသား/သူဟာ ဘုန်းကြီးနဲ့ ဘီးလို ဘယ်လိုမှ မပတ်သက်ပါဘူး။ ဆင်းရဲသားတွေဟာ ဘဏ်နဲ့နီးစပ်ဖို့ ခက်ခဲပါတယ်။ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်ဖို့ ဘုရင်မကြီးက အကြံပြုထားခဲ့ပါတယ်။ အမှန်တော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အသေးစားချေးငွေလုပ်ငန်းတွေ ခေတ်မီနည်းပညာတွေသုံးပြီး ဘဏ္ဍာရေးစနစ်နဲ့ နီးစပ်အောင် ဆောင်ရွက်နိုင်ပုံတွေကို တင်ပြခဲ့ပါတယ်။**

ဘုရင်မကြီး မိန့်ခွန်းပြောပြီး လူကြီးတွေနဲ့ ဓာတ်ပုံရိုက်ပြီးတော့ ကျောင်းသား ကျောင်းသူ ၁၀ ဦးနဲ့ အမေးအဖြေလုပ်ပြီး သူ့ရဲ့ ရန်ကုန်တက္ကသိုလ်ခရီးစဉ်ဟာ အောင်မြင်စွာပြီးဆုံးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးဟာလည်း ယခင်ကထက်ပိုပြီး တင့်တယ်လှပနေတာတွေ့ရပါတယ်။

**ဆင်းရဲသားတွေဟာ ဘဏ်နဲ့ နီးစပ်ဖို့ ခက်ခဲပါတယ်။ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်ဖို့ ဘုရင်မကြီးက အကြံပြုထားခဲ့ပါတယ်။ အမှန်တော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အသေးစားချေးငွေ လုပ်ငန်းတွေ ခေတ်မီနည်းပညာတွေသုံးပြီး ဘဏ္ဍာရေးစနစ်နဲ့ နီးစပ်အောင် ဆောင်ရွက်နိုင်ပုံတွေကို တင်ပြခဲ့ပါတယ်**

**ဒါပေမယ့် မမျှော်လင့်ခဲ့တာတွေဖြစ်တတ်တဲ့၊ ဆန်းကြယ်လှတဲ့ လူ့ဘဝမှာ ကျွန်တော့်ရဲ့စိတ်ကူးယဉ်အိပ်မက်တွေအကောင်အထည်ပေါ်ခဲ့ပါတယ်။ လူကြီးတွေရဲ့ စီစဉ်မှုနဲ့ မြန်မာနိုင်ငံကိုရောက်ရှိလာတဲ့ နယ်သာလန်နိုင်ငံ မိဖုရားကြီး မက်စီမာဟာ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမမှာ မိန့်ခွန်းမပြောမီ ကျွန်တော့်ကို ခန်းမထဲရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေကို ဘုရင်မကြီးမိန့်ခွန်းထဲမှာပါဝင်တဲ့ စီးပွားရေးဘာသာရပ် အခြေခံတွေကိုရှင်းပြဖို့ တာဝန်ပေးအပ်ခဲ့တယ်။ လုံးဝမမျှော်လင့်ထားတဲ့ အခွင့်အရေးတစ်ရပ်မို့ အံ့ဩမိခဲ့ပါတယ်။ ဒါနဲ့ ကျွန်တော်က ဧည့်သည်တော်ကြီးတွေမရောက်မီ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ထဲဝင်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ တဖွဲဖွဲရောက်နေပြီး အချိန်ကြာတော့ ကျွန်တော် စင်မြင့်ပေါ်တက်ခဲ့ပါတယ်။ စင်မြင့်ပေါ်ကနေကြည့်လိုက်တဲ့အခါ ဘွဲ့နှင်းသဘင်ခန်းမတစ်ခုလုံး ပရိသတ်တွေနဲ့ အပြည့်။ တချို့တွေကလည်း ကျောင်းဝတ်စုံတွေနဲ့ သူတို့ကိုကြည့်ပြီး ရင်ထဲက ပီတိဖြစ်ခဲ့ရပါတယ်။**

ဘုရင်မကြီးမက်စီမာဟာ အမှန်တော့ တာဝန်နှစ်ရပ်ကို ယူထားသူတစ်ဦးဖြစ်ပါတယ်။ သူဟာ နယ်သာလန်နိုင်ငံ ဘုရင်ကြီးရဲ့ ကြင်ရာတော်ဖြစ်ပေမယ့်တစ်ဖက်ကတော့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့

ကျွန်တော်က စီးပွားရေးအခြေခံတွေ မပြောမီ ကျောင်းသား ကျောင်းသူလေးတွေ၊ ဆရာ ဆရာမတွေကို ပညာရေးရဲ့ အခြေခံကို တင်ပြခဲ့ပါတယ်။ အမှန်တော့ ပညာရေးစနစ်တစ်ခုဟာ Learning သင်ယူခံယူမှုကို မြှင့်တင်ခြင်းသာဖြစ်ပါတယ်။ အခုလို သင်ယူခံယူရာမှာလည်း မသိသေးတဲ့ အသစ်အဆန်းကိုသိအောင်လုပ်ခြင်း (learn)၊ ကိုယ်သိတာတွေ ခေတ်မမီတော့တာ နားလည်ပြီး ဖယ်ထုတ်ခြင်း (unlearn) နဲ့ ကိုယ်သိပြီးသား အကြောင်းအရာကိစ္စတစ်ရပ်ကို ပုံစံအသစ်တစ်မျိုးနဲ့ နားလည်အောင် ဆောင်ရွက်ခြင်း (relearn) တို့ဖြစ်ကြောင်း ပြောခဲ့ပါတယ်။ အမှန်တော့ လူတိုင်းအခုလို သင်ယူခံယူမှုပုံစံသုံးရပ်နဲ့ အသက်ရှင်သန်ဖို့ အထူးလိုအပ်ပါတယ်။

ကျွန်တော်ရတဲ့အခွင့်အရေးကိုယူပြီး ရန်ကုန်တက္ကသိုလ်ရဲ့ ထူးခြားတဲ့ အကြောင်းအရာတွေကို တင်ပြခဲ့ပါတယ်။ အမှန်တော့ ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ မှာ တည်ထောင်ခဲ့တာမို့ အရှေ့တောင်အာရှနိုင်ငံတွေအနက် ရှေးအကျဆုံး တက္ကသိုလ်တစ်ခုဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အလှအပကိုလည်း ကျန်တဲ့တက္ကသိုလ်တွေ လိုက်မမီနိုင်ပါဘူး။ ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်ပြီး ထူးခြားတဲ့သင်္ကေတလေးရပ်ကိုလည်း အသိပေးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်လို့ပြောရင် ဒီသင်္ကေတလေးရပ်ကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ ပထမကတော့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမပဲဖြစ်ပါတယ်။

# တာချီလိတ်မြို့နယ်အတွင်း မိုးတွင်းကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်



**တာချီလိတ် မေ ၂၆**

မိုးတွင်းကာလ သဘာဝဘေးအန္တရာယ်များကြောင့် လျှပ်စစ်ဓာတ်အား မပြတ်တောက်ရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တာချီလိတ်မြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် နှစ်ထပ်ဓာတ်အားလိုင်းကြိုးများကို လဲလှယ်ခြင်းအား မေ ၂၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် နှစ်ထပ်ဓာတ်အားလိုင်းကြိုးများကို လဲလှယ်ခြင်းများကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးငြိမ်းဌေးက ဦးစီးပြီး မြို့မီးလင်းရေးကော်မတီမှ ပြင်ပဆက်ဆံရေးတာဝန်ခံ ဦးစိုင်းခမ်းမွမ်းနှင့် ကျွမ်းကျင်ဝန်ထမ်းများက မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအနီးမှ တာလော့ဈေးအနီးရှိ ကမ္ဘောဇဘဏ်အထိ ယခင်က ကေဘယ်ကြိုး ကာဘာလွတ် AC-SR # ၉၅ SQ.mm များ အစားကေဘယ်ကြိုး ကာဘာပါ နှစ်ထပ်ဓာတ်အားလိုင်းကြိုး ACSR # ၁၈၅ SQ.mm ဖြင့် အစားထိုးခဲ့ပြီး ပုန်းထွန်ရပ်ကွက် ကျောက်တောင်ရှိ ဆက်သွယ်ရေးစခန်းအနီး လွယ်တော်ခမ်း၊ ရွှေတိဂုံအတက်လမ်း၊ မိုးကုတ်ဝိပဿနာ ရိပ်သာအနီး ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။ ထို့အပြင် တာချီလိတ်မြို့နယ်အတွင်းရှိ မိုင်းကိုးကျေးရွာ၊ ရန်ကုန်ရွာနှင့် ရန်ရှင်းကျေးရွာများအထိ မီးလင်းရေးရုံးခွဲမှ ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်ကစ်ကိုင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ခုတ်ထွင်ရှင်းလင်းခဲ့ပြီးနောက် ဓာတ်အားကြိုးလိုင်းအသစ်များ သွယ်တန်းခြင်း၊ ပြန်လည်ချိတ်ဆက်ခြင်းနှင့် ဟောင်းနွမ်းသည့် အမ်းနှင့် ကြွေသီးများ အသစ်လဲလှယ်ခြင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကျွမ်းကျင်ဝန်ထမ်းများကဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **၄၁၁(တာချီလိတ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့သို့ရောက်ရှိ



**ကွမ်ကျိုး ဧပြီ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ကွန်မြူနစ်ပါတီ၏ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်နှင့် ဦးတီခွန်မြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကဦးဆောင်သည့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး မစ္စတာချန်းရှန်ရှန်းနှင့်တာဝန်ရှိသူများ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(နန်နင်း)မှ ကောင်စစ်ဝန်ချုပ် ဦးမြင့်ထွန်းနှင့် ဝန်ထမ်းများက ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာရာ ကွမ်ကျိုးမြို့ရှိ ခေတ္တတည်းခိုမည့် Ritz-Carlton Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး မစ္စတာချန်းရှန်ရှန်းနှင့် တာဝန်ရှိသူများက ကွမ်ကျိုးအပြည် ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# တရုတ်-မြန်မာ နိုင်ငံရေး၊ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးစွာဆွေးနွေး

**ကွမ်ကျိုး ဧပြီ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ ဟူချန်ဟွားနှင့် ဧပြီ ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ကွမ်ကျိုးပြည်နယ် အစိုးရအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် တရုတ်-မြန်မာနှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကဦးဆောင်သည့် မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကွမ်ကျိုးပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ ဟူချန်ဟွားက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၆**

၂၀၁၅ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင်ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စမေတေးအမ်အင်ကို အာနားမာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တရုတ်ဝယ်လိုအားကြောင့် ဆန်ဈေးနှုန်းများမြင့်တက်

**မန္တလေး ဧပြီ ၂၆**

သင်္ကြန်အပြီး တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမှုကြောင့် မန္တလေးဆန်ဈေးကွက်တွင် ဆန်ဈေးများ မြင့်တက်လျက်ရှိကြောင်း မူဆယ်သို့ တင်ပို့နေသည့် ဆန်ကုန်သည်များထံမှ သိရသည်။

ယခုနှစ် နွေစပါးအထွက်နှုန်းလျော့ကျမှုနှင့်အတူ တရုတ်နိုင်ငံ၏ ဆန်ဝယ်လိုအားကောင်းမှုကြောင့် ဈေးကွက်အတွင်းဆန်ဈေးများ မြင့်တက်လျက်ရှိရာ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ဆန်ကုန်သည်တစ်ဦးက ပြောသည်။

"မနှစ်ကနဲ့ ဒီနှစ်နဲ့ယှဉ်ရင် ဈေးကွက်အခြေအနေက သိသိသာသာကွာသွားတယ်။ သင်္ကြန်မတိုင်ခင်မှာ ဆန်ဈေးနှုန်းရော၊ အရောင်းအဝယ်ပါ ပုံမှန်အတိုင်းဖြစ်နေပေမယ့် သင်္ကြန်အပြီးမှာ တရုတ်က တအားဝယ်တော့ ပြည်တွင်းဈေးကွက်မှာ ဆန်ဈေးတက်ပြီး တောင်သူရော၊ ကုန်သည်ပါအလုပ်ဖြစ်တယ်" ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံမှ အများဆုံးဝယ်လိုအားရှိသည့်ဆန်မှာ နွေရှယ်(သီးထပ်)၊ ရတနာတိုး၊ သုခဆန်ကြမ်း၊ ဆလပ်(ဆန်ကွဲအကြီး)ဖြစ်ပြီး တရုတ်-မြန်မာနယ်စပ်ပေါက်ဖြစ်သည့် မူဆယ်မြို့သို့ တင်ပို့သည့်ဈေးနှုန်းများမှာ နွေရှယ် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၂၄၆၅၀ ခန့်၊ ရတနာတိုး ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ ကျော်တို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဧရာဝတီတိုင်း ဒေသကြီးကလာတဲ့ နွေရှယ်(သီးထပ်မျိုးစပါး)ကို တရုတ်ကအဝယ်များတယ်။ သင်္ကြန်မတိုင်ခင်ကဈေးနှုန်းနဲ့ယှဉ်ရင် ဆန်ဈေးက ၅၀ ကီလိုဂရမ် တစ်အိတ်ကို ၅၀၀ ကနေ ၈၀၀ ကြားလောက်တက်သွားတယ်။ ဒီအတောအတွင်းမှာတော့ ဆန်ဈေးပြန်ကျဖို့ မရှိသေးဘူး။ အဓိကကတော့ တရုတ်ဝယ်လိုအားအပေါ် မူတည်ပါတယ်။ အခုအခြေအနေကတော့ တရုတ်ကဈေးပေးဝယ်တဲ့အပြင် ငွေပေးငွေယူကိစ္စတွေလည်း အဆင်ပြေတဲ့အတွက် အရောင်းအဝယ်ကောင်းတယ်လို့ ပြောလို့ရပါတယ်။ တကယ်လို့ တရုတ်က ဈေးနှိမ်ဝယ်ခဲ့ရင်တော့ ပြည်တွင်းမှာက ကုန်သည်တွေအနေနဲ့ ဈေးချဝယ်လို့မရတဲ့အတွက် အခက်အခဲတွေဖြစ်တတ်ပါတယ်"ဟု ၎င်းကဆိုသည်။



ထို့အပြင် မူဆယ်မှ မန္တလေးသို့ ပြန်ဆင်းလာမည့် ဆန်ကုန်ကားများမှာ ကုန်ရရှိမှုမရှိသဖြင့် လက်ရှိတွင် ကုန်ကားခဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

"အသွားကုန်ရှိပြီး အပြန်ကုန်မရှိတဲ့အတွက် ဈေးတက်သွားတာပါ။ သင်္ကြန်အပြီးမှာ ဆန်တစ်အိတ်တင်ခကို ငွေကျပ် ၁၉၀၀ ကျော်ရှိပေမယ့် ဧပြီ ၂၅ ရက်ကစပြီး ငွေကျပ် ၂၇၀၀ ကျော်အထိ ဈေးတက်သွားတယ်။ လက်ရှိအခြေအနေမှာ ကုန်ကားတွေ ငှားဖို့ တော်တော်လေးခက်ခဲနေတယ်" ဟု ၎င်းကပြောသည်။

ပြည်တွင်းဈေးကွက် အနေဖြင့်လည်း ဆန်ဈေးနှုန်းများအနည်းငယ် တက်နေပြီး မန္တလေးမြို့သို့ အဓိကဆန်တင်ပို့သည့်မြို့များမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြ၊ ပုသိမ်၊ ကျိုက်လတ်ဒေသတို့မှထွက်ရှိသည့် ဆန်အမျိုးအစားများဖြစ်ပြီး မန္တလေးမြို့မှတစ်ဆင့် မူဆယ်ဈေးကွက်သို့ ဆက်လက်တင်ပို့ရောင်းချခြင်းဖြစ်သည်။

မန္တလေးမြို့မှ မူဆယ်မြို့သို့ အများဆုံးတင်ပို့သည့် ကုမ္ပဏီလေးခုခန့်သာရှိပြီး တစ်နေ့လျှင် ဆန်အိတ်ရေငါးသောင်းခန့်၊ တန်ချိန်အားဖြင့် ၂၅၀၀ ကို ကားအစီးရေ ၁၀၀ ကျော်ဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

**အောင်ရဲသွင်**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် အမှုဆောင်အသစ်ရွေးချယ်

**ရန်ကုန် ဧပြီ ၂၆**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် အမှုဆောင်အသစ်ရွေးချယ်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် M3 ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ၏ ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးဆန်းဦးက မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ၏ ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၏ရည်ရွယ်ချက်များကို တင်ပြပြောကြားသည်။

ထို့နောက် အထွေအထွေအတွင်းရေးမှူး ဦးကျော်မြင့်ဦးက မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ၏ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်း၊ စည်းကမ်းများ ဘဏ္ဍာရေးမှူး ဦးခင်မောင်သန်းက ဘဏ္ဍာရေးရှင်းတမ်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ၏ ဝန်ဆောင်မှုလုပ်ငန်းရှင်အဖွဲ့ချုပ်၏ အမှုဆောင်အသစ်ရွေးချယ်ပုံ ရွေးချယ်သည့်စနစ်အခြေအနေများကို ဥပဒေပညာရှင် ဦးဝင်းမြင့်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းက အလုပ်အမှုဆောင်သစ် ၁၅ ဦးနှင့် အရန်အမှုဆောင် ၁၂ ဦး၏ အမည်စာရင်းကို ကြေညာသည်။ ယင်းနောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးမောင်မောင်လေးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# အာဆီယံခေါင်းဆောင်မှုဖိုရမ်သည် ဒေသတွင်း ဦးဆောင်အစီအစဉ်တစ်ရပ်အဖြစ် ရပ်တည်နေ

ကွာလာလမ်ပူ ဧပြီ ၂၆

**(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ကို ဧပြီ ၂၆ ရက် ညနေပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Mandarin Oriental ဟိုတယ်၊ Sapphire Ballroom ၌ ကျင်းပသည်။**

ဖိုရမ်သို့အာဆီယံခေါင်းဆောင်မှုဖိုရမ် ဥက္ကဋ္ဌ တန်ဆရီ မိုက်ကယ်ယို၊ မလေးရှားနိုင်ငံ ပီရက်ပြည်နယ်စော်ဘွား HRH Sultan of Perak Darul Ridzuan, Sultan Nazrin Muizzuddin Shah၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်း သမာဗောင်၊ ဖိလစ်ပိုင်နိုင်ငံ သမ္မတကိုယ်စား ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံသီချင်းနှင့် မလေးရှားနိုင်ငံ အမျိုးသားသီချင်းတို့ဖြင့် ဖိုရမ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ဥက္ကဋ္ဌ တန်ဆရီ မိုက်ကယ်ယိုက အဖွင့်အမှာစကားပြောကြားပြီး မလေးရှားနိုင်ငံ ပီရက်ပြည်နယ်စော်ဘွားက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ဥက္ကဋ္ဌ တန်ဆရီ မိုက်ကယ်ယိုက ပီရက်ပြည်နယ်စော်ဘွားအား ASEAN Lifetime Achievement Awards ဆုကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အလှည့်ကျအာဆီယံဥက္ကဋ္ဌ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်ကိုယ်စား ပီရက်ပြည်နယ်စော်ဘွား HRH Sultan of Perak Darul, Sultan Nazrin Muizzuddin Shah က (၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မောင်းသုံးချက်ထု၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံမှ ပေးပို့သည့် အထူးသဝဏ်လွှာကို မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီး The Hon. Dato's Sri Abdul Wahid Omar က ဖတ်ကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့ အမှုဆောင်အရာရှိချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံသမ္မတကိုယ်စား ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့က အသီးသီးမိန့်ခွန်းပြောကြားကြသည်။

အာဆီယံခေါင်းဆောင်မှု ဖိုရမ် ဥက္ကဋ္ဌ တန်ဆရီ မိုက်ကယ်ယိုက မိန့်ခွန်းပြောကြားကြသည့် နိုင်ငံ့ခေါင်းဆောင်များအား အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ပီရက်ပြည်နယ်စော်ဘွား HRH Sultan of Perak Darul, Sultan Nazrin Muizzuddin Shah က ဖိုရမ်သို့ တက်ရောက်လာကြသည့် မလေးရှားနိုင်ငံ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များအား ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ပြီး ဖိုရမ်သို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ဖိုရမ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ မိမိအနေဖြင့် (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တစ်ပြိုင်တည်းကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှု ဖိုရမ်တွင် မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

၂၀၁၅ ခုနှစ်သည် အာဆီယံ အသိုက်အဝန်း တည်ဆောက်သည့် အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ပြီး ပေါင်းစည်းသည့် အာဆီယံကို တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော အသွင်အပြင်၊ တစ်ခုတည်းသော အသိုက်အဝန်းပေါ် ပေါက်ရန် ကြိုးပမ်းရာတွင် အာဆီယံအတွက် သမိုင်းဝင်ထူးခြားသည့် မှတ်တိုင်တစ်ရပ်အဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း။

အာဆီယံအတွင်း ပေါင်းစည်းမှု ထပ်လောင်းခိုင်မာရေးအတွက် ၂၀၁၅ ခုနှစ်အလွန် အစီအစဉ်နှင့် မျှော်မှန်းချက်များ အချောသပ်ချမှတ်ရေးဆွဲနေသည့် နှစ်တစ်နှစ်ဖြစ်ပြီး ယင်းအနေအထားမှာ အာဆီယံခေါင်းဆောင်မှုဖိုရမ်၏ အရေးပါမှုကို မိမိတို့အားလုံး အသိအမှတ်ပြုပါကြောင်း၊ အာဆီယံခေါင်းဆောင်မှုဖိုရမ်သည် စတင်တည်ထောင်ချိန်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ပြီး ၁၂ နှစ် သက်တမ်းရှိပြီဖြစ်ပါကြောင်း။

ယနေ့အချိန်အခါတွင် အာဆီယံခေါင်းဆောင်မှုဖိုရမ်သည် အာဆီယံခေါင်းဆောင်များနှင့် ဒေသတွင်း စီးပွားရေးခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အတွေးအခေါ်ပညာရှင်တို့ကို တစ်စုတစ်စည်းတည်းဆုံတွေ့စေသည့် ဒေသတွင်း ဦးဆောင်အစီအစဉ်တစ်ရပ်အဖြစ် ရပ်တည်နေပါကြောင်း။

ယခုနှစ် အာဆီယံခေါင်းဆောင်မှု ဖိုရမ်မှာ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအစီအစဉ်နှင့် မျှော်မှန်းချက်တို့နှင့်စပ်လျဉ်း၍ အကြောင်းအရာများကို ဆွေးနွေးသွားမည်ဟု သိရှိရသည့်အတွက် အာဆီယံအသိုက်အဝန်းဆိုင်ရာ မိမိတို့၏ လက်ရှိနှင့် အနာဂတ်တာဝန်များထမ်းဆောင်ရေးအတွက် အခြေအနေအချိန်အခါနှင့် ကိုက်ညီပြီး အထောက်အကူပြုပါကြောင်း။

ယနေ့ ဆွေးနွေးသွားမည့် အကြောင်းအရာများသည် အာဆီယံအသိုက်အဝန်းသုံးရပ်ဆိုင်ရာ လမ်းပြမြေပုံရည်မှန်းချက်များ ပြည့်မီစေရေး အာဆီယံအစိုးရများ၏ ဒေသအဆင့်နှင့် အမျိုးသားအဆင့်လုပ်ငန်းများကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အာဆီယံပြည်သူများအတွက် သဟဇာတရှိပြီး ပျော်ရွှင်မှုနှင့် လုံခြုံစိတ်ချရမှုကို အာမခံချက်ပေးသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး မျှဝေမှုရှိသည့် မူဝါဒ၊ အလေးထားမှု၊ စံချိန်စံညွှန်းများကို အခြေပြုထားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများက ဂုဏ်သိက္ခာရှိသည့် လူမှုဘဝစံစားမှုနှင့်အတူ အားလုံးပါဝင်နိုင်သည့်၊ ပါဝင်ရမည့် အသိုက်အဝန်းတစ်ရပ်ကို မြှင့်တင်ဖော်ဆောင်ရန်သည် မိမိတို့၏ တာဝန်ပင်ဖြစ်ပါကြောင်း။

ပြည်သူရေးရာ၊ ပြည်သူဗဟိုပြုသည့် အာဆီယံဖော်ဆောင်ရန်အတွက် အာဆီယံဒေသတွင်းရှိ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအနေဖြင့် သော်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များနှင့် မီဒီယာများ၏ အခန်းကဏ္ဍသည်လည်း အရေးပါပြီး ထပ်လောင်းအားဖြည့်ပေးရာရောက်မည်ဖြစ်ပါကြောင်း။

ပြည်သူဗဟိုပြုအာဆီယံဖြစ်ပေါ်လာစေရေးဆိုသည့် ရည်မှန်းချက်ပြည့်ဝစေရန်အတွက် မိမိတို့အနေဖြင့် ပေါင်းစည်းဆက်သွယ်ရေး ရှုထောင့်သုံးရပ်ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ပေါင်းစည်းဆက်သွယ်ရေးတို့ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဤဆွေးနွေးပွဲအနေဖြင့် ပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ စီမံကိန်းများအတွက် အကျိုးဖြစ်ထွန်းစေသည့် အကြံဉာဏ်ကောင်းများ ပေါ်ထွက်လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

၂၀၁၅ ခုနှစ်အကုန်တွင် အာဆီယံအသိုက်အဝန်းပေါ်ထွက်လာရန် မိမိတို့၏မျှော်မှန်းချက်များ ရရှိရေးအတွက် ဒေသဆိုင်ရာ ဗိသုကာအဆောက်အအုံ ပေါ်ပေါက်ရေးမှာ အာဆီယံ၏ အချက်အချာကျမှုကို ထိန်းသိမ်းပြီး အာဆီယံ၏ ဆွေးနွေးဘက်နိုင်ငံများ၊ အခြားသော ဒေသဆိုင်ရာ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ်တွင် များစွာမူတည်နေသည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံပေါင်းစည်းရေးအတွက် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အလေးထားပြီး ယင်းလုပ်ငန်းစဉ်များသည် အာဆီယံအသိုက်အဝန်း၏ ကိစ္စအဝဝနှင့် အနာဂတ်စိန်ခေါ်မှုများကို အခြေခံကျရင်ဆိုင်ဖြေရှင်းမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ယခုလို နှစ်စဉ်တွေ့ဆုံခြင်းနှင့် လက်တွေ့ကျသည့် အတွေးအခေါ်များကို (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဆွေးနွေးပွဲတွင် ဖော်ထုတ်မျှဝေသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အာဆီယံခေါင်းဆောင်မှုဖိုရမ်ဥက္ကဋ္ဌက အထိမ်းအမှတ်လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။** (ဓာတ်ပုံ- ပြန်/ဆက်)




**(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်သို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

**ပြည်သူဗဟိုပြု အာဆီယံဖြစ်ပေါ်လာစေရေးဆိုသည့် ရည်မှန်းချက်ပြည့်ဝစေရန်အတွက် မိမိတို့အနေဖြင့် ပေါင်းစည်းဆက်သွယ်ရေးရှုထောင့်သုံးရပ်ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာပေါင်းစည်းဆက်သွယ်ရေး၊ အဖွဲ့အစည်းဆိုင်ရာပေါင်းစည်းဆက်သွယ်ရေးနှင့် ပြည်သူအချင်းချင်းပေါင်းစည်းဆက်သွယ်ရေးတို့ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရမည်**

# မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးတို့က အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား ညစာစားပွဲတည်ခင်းဧည့်ခံ




**ကွာလာလမ်ပူ ဧပြီ ၂၆**

(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်သို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ် ဘင် တွန်း အဗ္ဗဒူလ်ရာဇတ်နှင့်ဇနီးတို့က ဧပြီ ၂၆ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ညစာစားပွဲ (Gala Dinner) ဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ ညစာစားပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အကြီးအကဲများ၊ ဇနီးများက နိုင်ငံအလိုက် အက္ခရာစဉ်အတိုင်း ခန်းမအတွင်းသို့ ဝင်ရောက်လာကြရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးတို့က ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများ စုပေါင်းကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများနှင့် ဇနီးများသည် ညစာစားပွဲကျင်းပသည့် ခန်းမအတွင်းသို့ ရောက်ရှိလာကြရာ အစီအစဉ်အရ မလေးရှားအနုပညာရှင်များက ရိုးရာသီချင်း၊ အကအလှုများဖြင့် သီဆိုဖျော်ဖြေကြိုဆိုသည်။

ယင်းနောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

**(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်သို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ် ဘင် တွန်း အဗ္ဗဒူလ် ရာဇတ်နှင့်ဇနီးတို့ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံတော်သမ္မတဦးသိန်းစိန် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအကြီးအကဲ မစ္စတာ လျောင်ချွမ်းရင်အားလက်ခံတွေ့ဆုံ

## ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**ကွာလာလမ်ပူ ဧပြီ ၂၆**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၏ အကြီးအကဲဖြစ်သူ အုပ်ချုပ်ရေးမှူးချုပ် မစ္စတာ လျောင်ချွမ်းရင်အား ကွာလာလမ်ပူမြို့ Mandarin Oriental ဟိုတယ် Citrine Room ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံစဉ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံနှင့် ဟောင်ကောင်အကြား လေကြောင်းဆက်သွယ်မှု တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် ဟောင်ကောင်အစိုးရအဖွဲ့၏ ဘဏ္ဍာရေးအတွင်းဝန် မစ္စတာ ဂျွန်ဆန်ချွမ်းဝါ၊ ၂၀၁၄ ခုနှစ်တွင် ဟောင်ကောင်ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာန အတွင်းဝန် မစ္စတာ ဂရီဂိုရီ ဆိုခမ်းလျောင်တို့ လာရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ဟောင်ကောင်သည် စတုတ္ထမြောက်နေရာတွင် ရပ်တည်လျက်ရှိသည်။ ဟောင်ကောင်က မြန်မာနိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ကျောက်မျက်နှင့် ပုလဲ လုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်တွင် ဟောင်ကောင် အထည်ချုပ်လုပ်ငန်းများက မြေဧက ၄၀၀ ငှားရမ်းလုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သင်တန်းသားများ ရွေးချယ်

**မန္တလေး ဧပြီ ၂၆**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်သင်တန်းများ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပဏာမရွေးချယ်ထားသော သင်တန်းသားလောင်းများအား နောက်ဆုံးအဆင့် စိစစ်ရွေးချယ်ခြင်းကို ဧပြီ ၂၂ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဏာမရွေးချယ်ထားသော သင်တန်းသားလောင်းလူငယ်များမှာ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ၉၈ ဦး၊ အမျိုးသမီး ၃၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား ၂၀၇ ဦး ၊အမျိုးသမီး ၅၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသား ၇၇ ဦး၊ အမျိုးသမီး ၂၄ ဦး၊ ကချင်ပြည်နယ်မှ အမျိုးသား ၃၁ ဦး ၊အမျိုးသမီး ၁၆ ဦး၊ ချင်းပြည်နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးသုံးဦးတို့ အပါအဝင် စုစုပေါင်း ၅၅၅ ဦးတို့ဖြစ်ကြောင်းနှင့် ၎င်းတို့ကို အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) လေ့ကျင့်ပညာဌာနစိတ်မှ တာဝန်ရှိသူများက စံချိန်စံညွှန်းများနှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်း၊ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ပညာရည်စစ်ဆေးခြင်းတို့ဖြင့် အဆင့်ဆင့်စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**၂၇-၄-၂၀၁၅(တနင်္လာနေ့)**

၆း၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၃၈)

၆း၂၀ "နေရယ်၊ လရယ်၊ အမှန်တရားရယ်" (အပိုင်း-၆) **မုန့်တိုင်းထဲကနားခိုရာ** မိုးယံဇွန်၊ နေယံ၊ ဘုဏ်းသိုက်၊ ဆုပန်ထွာ (ဒါရိုက်တာ-အောင်ကိုလတ်)

၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၆)

၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒဏ္ဍာရီပန်းတစ်ပွင့်** (အပိုင်း-၄၅)

၈း၃၀ **မြစိမ်းရောင်** မြတ်သူအောင်၊ ဟေမာန်အောင်အောင် (ဒါရိုက်တာ -ခင်မောင်ဦး၊ စိုးသိန်းထွဋ်)

၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း **နှလုံးသားနဲ့ပေါက်ကြည့်လိုက်** နိုင်းနိုင်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-ကိုမျိုးထူး)

# မိုးကြိုကာလ သတိထားရမည့် ရာသီဥတုအခြေအနေများ

မြန်မာနိုင်ငံအနှံ့အပြားတွင် ယခုရက်ပိုင်းအတွင်း လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း စသည့် ရာသီဥတုအခြေအနေများနှင့်စပ်လျဉ်းသည့် သတင်းများကို ကြားသိနေရသဖြင့် မိုးကြိုကာလတွင် သတိထားရမည့် ရာသီဥတုအခြေအနေများနှင့် ပတ်သက်၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်အား မြန်မာ့သတင်းစဉ်အဖွဲ့က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး၊ ရေး-ရီရီမြင့်၊ ဥမ္မာသန့်**



ဒေါက်တာထွန်းလွင်

**မေး။ ။ အခုလက်ရှိကာလကို ဘယ်လိုသတ်မှတ်ပါသလဲ။**

ဖြေ။ ။ လက်ရှိက မိုးကြိုကာလခေါ်တာပေါ့။ ဒီနှစ်က နည်းနည်းစောတယ်။ မတ်လအလယ်လောက်ကတည်းက ယနေ့အချိန်အထိ မြန်မာပြည်မှာ မိုးတိမ်တောင်ဆိုတဲ့တိမ်တွေ တော်တော်အဖြစ်များနေတယ်။

**မေး။ ။ မိုးတိမ်တောင်တွေက ဘယ်ကာလမှာ အဖြစ်များပါသလဲ။**

ဖြေ။ ။ နှစ်စဉ် မတ်လအလယ်လောက်ကနေ မေလကုန်အထိဖြစ်တော့ ဖြစ်တတ်တယ်။ အများအားဖြင့် ဧပြီလလယ်ကစပြီး ဖြစ်တာများတယ်။ ဒီနှစ်စောတယ်။ မိုးတိမ်တောင်တွေဖြစ်တာများတယ်။ အထူးသဖြင့် အထက်မြန်မာပြည်မှာ အဖြစ်များတယ်။

**မေး။ ။ အဲဒီလို မိုးတိမ်တောင်တွေဖြစ်တဲ့ အတွက် ရာသီဥတုအခြေအနေလေး သိချင်ပါတယ်။**

ဖြေ။ ။ အထက်မြန်မာပြည်မှာ မိုးတိမ်တောင်အဖြစ်များတဲ့အတွက်ကြောင့် လျှပ်စီးလက်တာ၊ မိုးကြိုးပစ်တာ၊ မိုးသည်းထန်တာ၊ လေပြင်းတိုက်တာ၊ မိုးသီးကြွေတာ၊ လေဆင်နှာမောင်းတိုက်တာ အဲဒါတွေအကုန်လုံးဖြစ်သွားတယ်။ ဖြစ်တဲ့ဒေသတွေကအစုံပဲ၊ အထက်မြန်မာပြည်တစ်ခုလုံးပဲ။ ရှမ်း၊ မန္တလေး၊ ကချင်၊ စစ်ကိုင်း၊ မကွေး စတဲ့ဒေသတွေ အားလုံးပါတယ်။ အခုလည်းဖြစ်နေတယ်။ အခုတစ်ပတ်မှာလည်း ဆက်ပြီးဖြစ်နေမယ်။

**မေး။ ။ မုတ်သုံဘယ်တော့စဝင်မလဲသိပါရစေ။**

ဖြေ။ ။ နောက်လ မေလရောက်သွားတဲ့အခါမှာ မုတ်သုံစဝင်တော့မယ်။ မုတ်သုံဝင်တဲ့ အခါမှာလည်း မုတ်သုံဝင်နေတဲ့ ကာလတွေမှာ၊ မုတ်သုံဝင်တဲ့နေရာတွေမှာ မိုးတိမ်တောင်တွေ ဖြစ်ရဦးမယ်။ ဒါဖြစ်နေကျပေါ့၊ ဒီတော့ မိုးတိမ်တောင် ဇာတ်လမ်းက မုတ်သုံဝင်ပြီးတဲ့ မေလအထိရှိနေဦးမှာ။ အခုတော့ မိုးတိမ်တောင်ဖြစ်တာရော၊ ရာသီဥတုအခြေအနေအရကော အရင်ကမြန်မာပြည်အထက်ပိုင်းနဲ့ အောက်ပိုင်းမှာ အောက်ပိုင်းက မိုးနည်းနေတယ်။ အခုအထက်ပိုင်းက မိုးလိုက်နေတယ်။ ဒါပေမယ့်တဖြည်းဖြည်းနဲ့ အောက်ပိုင်းက မိုးလိုက်တော့မယ့်အနေအထားတွေ ပြလာပြီ။ အောက်က မိုးလိုက်လာပြီးမုတ်သုံဝင်မှုလည်း သဘာဝက မိုးရာသီဝင်ရမှာကိုး၊ ဒါလေးကအပြောင်းအလဲဖြစ်တာပေါ့၊ မေလကုန်အထိ မိုးတိမ်တောင်ဖြစ်မယ်။ ဖြစ်တဲ့နေရာတိုင်းမှာ လေပြင်းအန္တရာယ်၊ မိုးကြိုးပစ်အန္တရာယ်၊ မိုးသည်းထန်စွာ ရွာသွန်းပြီး လျှပ်တစ်ပြက်ရေကြီးတဲ့အန္တရာယ်၊ တောင်ပေါ်ဒေသတွေမှာ မြေပြိုတဲ့အန္တရာယ် ဒါတွေက မေလကုန်အထိ သတိထားရမယ်။

**မေး။ ။ မေလဆိုရင် နှစ်စဉ်လိုလို မုန်တိုင်းဝင်တတ်တယ်လို့ သိရပါတယ်။ ဒီနှစ်ကော ဖြစ်နိုင်ပါသလား။**

ဖြေ။ ။ တစ်ခုရှိတာက ဒီလကုန်လို့ မေလရောက်ရင် နှစ်ချက် သတိထားရမယ်။ ပထမတစ်ချက်က မုန်တိုင်းဖြစ်မယ့်အလားအလာရှိတယ်။ ပိုလာမယ်။ ဒီကနေ့ အနေအထားပြောရရင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၊ ကပ္ပလီပင်လယ်တောင်ပိုင်းမှာ လေထုမငြိမ်မသက်ဖြစ်နေတယ်။ လေထုမငြိမ်မသက်ဖြစ်ပြီး မိုးတိမ်တောင်တွေ အများကြီးဖြစ်နေတယ်ဆိုတော့ မုန်တိုင်းဖြစ်တော့မယ့်အနေအထားတွေမှာ တွေ့ရတတ်တဲ့အခြေအနေတွေ။ အဲဒါကို အခုစောင့်ကြည့်နေတယ်။ တကယ်လို့များ ထပ်ပြီးတော့ အနေအထားက မုန်တိုင်းဖြစ်ဖို့ပေးလာမယ်ဆိုရင် အတော်လေးသတိထားရမယ်။ မြန်မာပြည်ဘက်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါပေမယ့် သေချာပြောလို့ မရသေးဘူး။ မုန်တိုင်းဖြစ်ဖို့အလားအလာကို တွက်ကြည့်တဲ့အခါမှာ ထူးထူးခြားခြား ပြတာမရှိသေးဘူး။ ဒါပေမယ့် သတိကတော့လိုတယ် ပိုတယ်မဟုတ်ဘူး။ ဧပြီလ ရက် ၂၀ ကျော်ကတည်းက မြန်မာနိုင်ငံနဲ့ ဆက်စပ်တဲ့ရေပြင်တို့၊ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့ဆိုတာ အမြဲသတိထားကြည့်ရမယ်။ အဲဒီအချိန်မှာ မုန်တိုင်းတစ်လုံးဖြစ်လာရင် ဖြစ်လာတဲ့မုန်တိုင်းတွေက များသောအားဖြင့် အခုလို မိုးကြိုကာလ မုတ်သုံမဝင်ခင်မှာဖြစ်ရင် မြန်မာပြည်ကို ဝင်တတ်တယ်။ အဲဒါကို အထူးသတိထား ကြည့်နေရမယ်။

**မေး။ ။ ဒီနှစ်အယ်နီညိုနှစ်လည်း ဖြစ်တယ်လို့ သိရပါတယ်။ အယ်နီညိုကြောင့် ဘာအကျိုးဆက်တွေဖြစ်လာနိုင်ပါသလဲ။**

ဖြေ။ ။ ဒီနှစ်က အယ်နီညိုဖြစ်တဲ့နှစ်လည်း ဖြစ်တယ်။ နောက်လောလောဆယ်မှာ ထူးထူးခြားခြားကတော့ အစဉ်အလာအရ ဖြစ်တတ်ပါတယ်။ ဒီအချိန်အခါမှာ အိန္ဒိယကုန်းမြေကြီးကလည်း တအားပူတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းကလည်း တအားပူတယ်။ အပူချိန်အမြင့်ဆုံးဖြစ်တဲ့ ဒေသတွေ၊ အထူးသဖြင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းမှာ အလွန်ပူပြင်းတဲ့ကာလမြေပြင်အပူချိန်ကြောင့် များသောအားဖြင့် အဲဒီဘက်မှာလေထုမငြိမ်မသက်မှုတွေဖြစ်တယ်။ ဖြစ်ပြီး လေဖိအားနည်းရပ်ဝန်းတွေ ဖြစ်တယ်။ လေဖိအားနည်း ရပ်ဝန်းတွေက ရွေ့တဲ့အခါ ထူးထူးဆန်းဆန်း အမြဲတမ်း အနောက်မြောက်ကနေ အရှေ့တောင်ကိုရွေ့တယ်။ အနောက်မြောက်ကနေ အရှေ့တောင်ကို ရွေ့လေ ရွေ့လေ ဘင်္ဂလားပင်လယ်အော်ရဲ့ ရေပြင်နဲ့နီးလာလေ ရေငွေ့တွေရလာတယ်။ ရလာတော့ မိုးတိမ်တောင်တွေဖြစ်တယ်။ ဒီရာသီက အဖြစ်ဆုံးပဲ။ မိုးတိမ်တောင်တွေက အိန္ဒိယအရှေ့မြောက်ပိုင်းမှာလည်း ရာသီဥတုဆိုးတာကို တွေ့ရတယ်။ရွေ့လာရင်းနဲ့ ဘင်္ဂလားဒေ့ရှ်ကိုဖြတ်တယ်။ မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ချင်းပြည်နယ်၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းကိုဖြတ်တယ်။ အဲဒီဖြစ်စဉ်က နှစ်တိုင်းရှိတယ်။

**မေး။ ။ ယခုနှစ်မှာလည်း လေဖိအားနည်းရပ်ဝန်းတွေ ဖြစ်ပေါ်နိုင်ပါသလား။**

ဖြေ။ ။ ဒီနှစ်လည်း လောလောဆယ်ဖြစ်နေတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းက တောင်သူဦးကြီးတွေက သူတို့နေထိုင်ရာအရပ်ကို ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယမြောက်ပိုင်းတို့က မိုးတိမ်တောင်တွေ ရွေ့လာရင်လာရာအရပ် အနောက်မြောက်ကလာတဲ့ အနေအထားရှိတယ်။ မြန်မာမှာ ဆိုရိုးဖြစ်လာတယ်။ မိုးဦးစနေ လေရာဟု၊ အနောက်မြောက်ကလာတဲ့ လေတွေက အခုလောလောဆယ် ဒါတွေဖြစ်တယ်။ အဲဒီဘက်ကသူတွေ သတိထားဖို့လိုတယ်။ တစ်ချိန်တည်းမှာပဲ အရှေ့ဘက်ကိုကြည့်ရင် တရုတ်ပြည်မကြီးပေါ်မှာ ဆောင်းရာသီမှာ ရှိခဲ့တဲ့လေဖိအားနည်းရပ်ဝန်းက အားလျော့ပေမယ့်ရှိနေတုန်းပဲ။ အဲဒီလေအေးတွေကလည်း မကြာမကြာ မြောက်ဘက်ကနေပြီး ထိုင်းနိုင်ငံအရှေ့ပိုင်းကို တိုးတိုးဝင်လာတယ်။ တိုးဝင်လာလေလေ အနောက်ဘက်ကျနေတဲ့ ထိုင်းနိုင်ငံအနောက်ပိုင်း၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွေမှာ မြန်မာနိုင်ငံဘက်က ပူနွေးပြီး စွတ်စိုတဲ့လေတွေနဲ့ အရှေ့မြောက်က ထိုးဆင်းလာတဲ့ လေအေးတွေ မကြာမကြာ တွေ့ဆုံတဲ့အခါ မိုးတိမ်တောင်တွေ ဖြစ်ပြန်တယ်။ အဲဒီဖြစ်တဲ့ မိုးတိမ်တောင်တွေက မိုးရွာတဲ့အခါ မြန်မာနိုင်ငံအနေနဲ့ပြောရင် အရှေ့တောင်ဘက်က စရွာတယ်။ ကယား၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ကရင်ပြည်နယ်ပါမယ်။ အဲဒီဒေသတွေ မိုးပေးပြီး အနောက်မြောက်ကို တဖြည်းဖြည်းရွေ့တယ်။ အိန္ဒိယဘက်ကလာတဲ့ အနောက်မြောက်ကနေ အရှေ့တောင်ဘက်ကရွေ့တယ်။ အဲဒီနှစ်ခုကြားက မြန်မာပြည်က ညပ်နေတယ်။ အခုဖြစ်နေတဲ့ရာသီဥတုက အဲဒါပဲ။

မုတ်သုံကတော့ အယ်နီညို ဒီနှစ်ဖြစ်နေတယ်။ အယ်နီညိုဖြစ်ဖို့ နွေရာသီတစ်ရာသီလုံးဆိုတော့ အောက်တိုဘာလအထိ အယ်နီညိုဖြစ်ဖို့ ၇၀ ရာခိုင်နှုန်း သေချာသွားပြီ။ အဲဒီနောက်ပိုင်း ဆောင်းရာသီအစ အဲဒီကာလမှာ လည်း အယ်နီညိုဖြစ်ဖို့ ၆၀ ရာခိုင်နှုန်းသေချာတယ်။ အယ်နီညိုဖြစ်တဲ့ နှစ်တွေရဲ့ ထုံးစံအတိုင်း မုတ်သုန်နောက်ကျတယ်။ မုတ်သုံအားမကောင်းဘူး။ အဲဒီအစဉ်အလာအတိုင်းပဲ ဒီနှစ်က ဒီအတိုင်းပဲလာမယ်။ မုတ်သုံဝင်မယ့်ရက်တွေကို တွက်ထားတာ မြန်မာနိုင်ငံတောင်ပိုင်းကို မေ ၂၀ ရက်လောက်မှာဝင်မယ်။ မြန်မာနိုင်ငံရဲ့ မြစ်ဝကျွန်းပေါ်ကို မေ ၂၅ ရက်လောက်ဝင်မယ်။ ဒီရက်တွေက ပုံမှန်နဲ့ကြည့်ရင် နောက်ကျတာချည်းပဲ။ မြန်မာနိုင်ငံတောင်ပိုင်းဆိုရင် ၁၅ ရက် နောက်ကျမယ်။ မြစ်ဝကျွန်းပေါ်ဆိုရင် ၁၀ ရက် နောက်ကျမယ်။ မြန်မာနိုင်ငံအလယ်ပိုင်းကျတော့ မုတ်သုံဝင်မယ့်ရက်က မပီမပြင် မထင်မရှားနဲ့ပဲ မြောက်ပိုင်းဒေသနဲ့ အလယ်ပိုင်း ဒေသတွဲပြီး ဇွန် ၁ ရက်ဝင်မယ်။ အဲဒီလိုဆိုရင် အလယ်ပိုင်းက (၇)ရက်နောက်ကျမယ်။ မုတ်သုံနောက်ကျရင် မိုးကတော့ မေလကုန်အထိ မိုးကြိုမိုးမကောင်းဘူးလို့ ခန့်မှန်းထားတယ်။ ဒါပေမယ့် ဇွန်၊ ဇူလိုင်လတွေ ခန့်မှန်းတာကတော့ မိုးပြန်ကောင်းနိုင်မယ်။ မိုးဦးနဲ့ မိုးလယ်မှာ ကောင်းနိုင်မယ်။ မိုးကြိုမှာ သိပ်မကောင်းဘူး။ မုန်တိုင်းကတော့ စောင့်ကြည့်ရမယ့်အနေအထားပါ။ မဝင်ဘူး၊ ဝင်မယ်ဆုံးဖြတ်လို့ မရဘူး။ အဓိကအချက်ကတော့ အခု ဧပြီ ၂၀ ရက်ကနေ မေ ၁၀ ရက်လောက်အတွင်းမှာ မုန်တိုင်းသတင်းကို အထူးသတိထားရမယ်။ မုန်တိုင်းဖြစ်မယ်ဆိုရင် ကြေညာမယ်။ ဂရုစိုက်ဖို့လိုတယ်။ ဒီကာလဖြစ်တဲ့ မုန်တိုင်းတွေက မြန်မာနိုင်ငံကို ဝင်တတ်တာကြောင့် သတိထားရပါမယ်။

## မူးယစ်ဆေးဝါးပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူက ယာဉ်ထိန်းရဲကို ဓားဖြင့်ခုတ်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီး

**မန္တလေး ဧပြီ ၂၆**

ဧပြီ ၂၄ ရက်ညနေ ၃ နာရီက ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းနှင့်၇၈ လမ်းဆုံ အချက်ပြမီးပွိုင့်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၅၆)မှ ရဲအုပ် ကိုကိုမောင်၊ ရဲတပ်ကြပ် ခင်မောင်ဇော်ပါဝင်းဦးသည် ယာဉ်ကြောရှင်းလင်းခြင်း၊ စည်းကမ်းပျက်ယာဉ်များ အရေးယူခြင်းဆောင်ရွက်နေစဉ် ညနေ ၅ နာရီက ယင်းလမ်းဆုံ အနောက်ဘက်လမ်းသွယ်မှ အရှေ့ဘက်သို့ မောင်းနှင်လာသော 5F/----- ဟွန်ဒါဖစ် အပြာရောင်ယာဉ်သည် မီးပွိုင့်အရောက်တွင် နောက်သို့ပြန်ဆုတ်မောင်းနှင်သဖြင့် နောက်မှ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးနှင့် တိုက်မိမည်ကဲ့သို့ ဖြစ်ပွားခဲ့သည်။ အဆိုပါနေရာသို့ ရဲတပ်ကြပ် ခင်မောင်ဇော်က သွားရောက်ကြည့်ရှုစဉ် ယာဉ်မောင်း၏လက်တွင် အရိုးအသွား သုံးပေခန့်ရှိ ဓားအိမ်ပါ ကင်ဒိုဓားကိုင်ထားသည်ကို တွေ့ရှိရပြီး ၎င်းမှ ဓားဆွဲထုတ်၍ခုတ်ရာ





သိမ်းဆည်းရမိ ဘိန်းဆီခဲနှင့် စိတ်ကြွဆေးပြားများ



သိမ်းဆည်းရမိ ကင်ဒိုဓါး





သိမ်းဆည်းရမိ ဟွန်ဒါဖစ်အပြာရောင်ကား

ရဲတပ်ကြပ် ခင်မောင်ဇော်က လက်ဖြင့်ကာပြီး တားဆီးလုယူသဖြင့် ရဲတပ်ကြပ် ခင်မောင်ဇော်၏ ဝဲလက်ဝါး/လက်မပြတ်ရှဒဏ်ရာ (မစိုးရိမ်ရ) ရရှိပြီး ယာဉ်မောင်းမှာ ကားကိုထား၍ ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ယာဉ်ပေါ်မှ ဘိန်းဆီခဲ ၈၂၀ ဂရမ် (တန်ဖိုးငွေကျပ် ၃၆၉၀၀၀၀)၊ 88 နှင့် 1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀ (တန်ဖိုးငွေကျပ် ၂၇၀၀၀၀၀) ကို တွေ့ရှိခဲ့သည်။ ထွက်ပြေးသူယာဉ်မောင်းမှာ ဇေလတ်မောင်မောင် ၄၀ နှစ်၊ လက်ဆည်ကန်ရပ် ရမည်းသင်းမြို့နေသူဖြစ်ပြီး ဧပြီ ၂၂ ရက်မှစ၍ ချမ်းမြသာစည်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ Hotel 78 အခန်းအမှတ်(၃၀၁)တွင် တည်းခိုနေသူဖြစ်ကြောင်း သိရှိရ၍ ပူးပေါင်းအဖွဲ့များဖြင့် သွားရောက်ရှာဖွေရာ အခန်းအတွင်း မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိရခဲ့ချေ။

၎င်းသည် ရမည်းသင်းမြို့မ ရဲစခန်းမယ(ပ)၁/ ၂၀၁၅ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) အမှုမှ တိမ်းရှောင်နေသောသူဖြစ်ကြောင်း သိရသည်။ ဧပြီ ၂၅ ရက် မွန်းတည့် ၁၂ နာရီက မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် ၆၃×၆၄ ကြား ၃၈×၃၉ ကြားလမ်းမပေါ်တွင် ပြစ်မှုကျူးလွန်သူကို တွေ့ရှိရသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းမှာ အဆိုပါလမ်းရှိ နေအိမ်တစ်အိမ်၏ နေအိမ်ခြံဝင်း ကာရံထားသော သံဆူးကြိုးများကို ကျော်ဖြတ်ထွက်ပြေးကာ ဝင်ရောက် ရှောင်တိမ်းသဖြင့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ပြီး အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မိုးပွင့်(အထူး)စီမံချက် အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကော့သောင်း ဧပြီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မိုးပွင့်(အထူး)စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ နိုင်ငံသားဖြစ်ခွင့်ရှိသူ ပြည်သူများကို နိုင်ငံသားကတ်များ ထုတ်ပေးခြင်းလုပ်ငန်းကို ပြည်သူ့ဗဟိုပြုစနစ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက်က ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်အတွင်း ပြည်သူများထံအရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်မှုတွင် သက်ကြီးရွယ်အိုဘိုးဘွားများမကျန် နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်းကို နိုင်ငံသားကတ်များဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း စိစစ်ထုတ်ပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းကို အလုပ်သမား၊ အလုပ်ရှင် သဘောတူညီချက်နှင့် ဆောင်ရွက်ရမည်ဖြစ်

မိုးသူ၊ ရီရီ၊ ဥမ္မာ
ဓာတ်ပုံ-ဇော်မင်းလတ်

ရန်ကုန် ဧပြီ ၂၆

**အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် အဆိုပါစနစ် ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများအတွက် အထောက်အကူပြုရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဦးဆောင်ကာ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှုများကို အကြိမ်(၃၀)ခန့် ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံခန်းမ၌ ကျင်းပခဲ့သည်။**



အလုပ်သမား ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက "အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းကို အလုပ်သမားနဲ့ အလုပ်ရှင်တွေရဲ့ သဘောတူညီချက်နဲ့ ဆောင်ရွက်သွားရမှာဖြစ်ပြီး အဲ့ဒီ သဘောတူညီတဲ့ပမာဏကို နိုင်ငံတော်အစိုးရအနေနဲ့ စိစစ်အတည်ပြုပေးဖို့ပဲ ရှိပါတယ်။ လတ်တလောမှာသဘောတူညီမှုရဖို့ အထောက်အကူပြုနိုင်တဲ့ အခြေခံအချက်အလက်တွေကို သိရှိဖို့လိုနေပါတယ်။ ဒါ့ကြောင့်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ ဆွေးနွေးပွဲတွေ ကျင်းပပြီး အကြံပြုချက်တွေယူနေပါတယ်။ လုပ်သားတွေအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးရေးက ရေရှည်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပြီး အမှန်တကယ် ဆောင်ရွက်ရာမှာလည်း အသေးစိတ်ဆောင်ရွက်ရမှာတွေနဲ့ အလုပ်ရှင်၊ အလုပ်သမားအတွက် နှစ်ဖက်စလုံးက လက်ခံနိုင်မယ့် Win-Win Solution ဖြစ်ဖို့ လိုပါတယ်"ဟု ပြောကြားသည်။

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ အလုပ်ရှင်၊ အလုပ်သမားများနှင့် အလုပ်သမားရေးရာဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လေ့လာသူများပါဝင်မည့် အလုပ်သမားရေးရာဆိုင်ရာ ဖိုရမ်တစ်ခုကိုလည်း မကြာမီကျင်းပသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အလုပ်သမားအဖွဲ့အစည်း အသီးသီးမှ အလုပ်သမားများအတွက်သာမက အလုပ်ရှင်များအတွက်ပါ ထည့်သွင်းစဉ်းစားပြီး သင့်တင့်မျှတသော အနည်းဆုံး အခကြေးငွေတစ်ရပ် အဆိုပြုနိုင်ရေး၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရာတွင် အလုပ်ချိန် တစ်နေ့ ၈ နာရီ လုပ်ခသက်သက်ကိုသာ သတ်မှတ်ရန် သဘောတူ၊ မတူနှင့် အနည်းဆုံး အခကြေးငွေကို ဒေသအလိုက်၊ လုပ်ငန်းအလိုက် သတ်မှတ်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အလုပ်သမားအဖွဲ့ချုပ် (ယာယီ)၊ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားများအဖွဲ့ချုပ် (ယာယီ)၊ မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (ယာယီ)တို့မှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားကိုယ်စားလှယ် ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် အဆိုပါစနစ် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် အကြံပြုဆွေးနွေးပွဲသို့ တက်ရောက်လာသော အလုပ်သမားကိုယ်စားလှယ်များ၏ သဘောထား အကြံပြုချက်များကိုသိရှိနိုင်ရန် အလုပ်သမားကိုယ်စားလှယ်အချို့ကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။



မတင်မိုးခိုင်



ဦးသောင်းနိုင်



ဦးကျော်စိုးမိုး



ဦးလှဋ္ဌေး

**မတင်မိုးခိုင်**
**ဆာကူရာအထည်ချုပ်စက်ရုံ**
**အခြေခံအလုပ်သမားအဖွဲ့အစည်း**
**ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ်**

ကျွန်မတို့ကို ဖိတ်တဲ့အတွက် မြို့နယ်အနေနဲ့ လာတက်ရခြင်းဖြစ်ပါတယ်။ အခြေခံအဖွဲ့ကနှစ်ဦးပါပါတယ်။ မနေ့က အလုပ်ရှင်နဲ့တွေ့တဲ့သတင်း သတင်းစာ၊ ဂျာနယ်တွေမှာပါတယ်။ အဲဒီအတွက် အလုပ်သမားတွေ တော်တော်များများ ဒီကိုမလာခင် အစည်းအဝေးထိုင်ဖြစ်ပါတယ်။ အဲဒီအတွက် ပြေလည်မှု မရရှိသေးပါဘူး။ အလုပ်ရှင်တွေဘက်ကလည်း ဖြစ်နိုင်တဲ့အနေအထားတစ်ခုကို သတ်မှတ်မသွားဘဲနဲ့ မဖြစ်နိုင်တဲ့နှုန်းထားကို ပြောပြသွားတယ်။ ဒါကြောင့်မို့ ပြေလည်မှု မရှိပါဘူး။ ဒီနေ့ဆွေးနွေးမှာကတော့ မနေ့က UMFCCIမှာ အလုပ်သမားတွေကို စစ်တမ်းကောက်သလိုမျိုး လုပ်ငန်းရှင်တွေ ဘက်ကိုလည်း ကောက်မယ်လို့ ဝန်ကြီး ဦးအေးမြင့်က ပြောသွားတယ်လို့ ကြားပါတယ်။ အဲဒီအတွက်ကို လက်ခံပါတယ်။ ဘယ်လောက်ကြာမလဲ။ လုပ်ငန်းရှင်ကို စစ်တမ်းကောက်ပြီး ရလဒ်အဖြေပေါ်မှာ တစ်လကြာကြာ၊ နှစ်လကြာကြာ စောင့်နိုင်ပါတယ်။ ဒီနေ့ တက်ရောက်တဲ့ အဖွဲ့အစည်းဆိုရင် မြန်မာနိုင်ငံ အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ်အနေနဲ့ အခြေခံအဖွဲ့တွေ အားလုံး အစည်းအဝေးထိုင်ပြီးလာခဲ့ပါတယ်။ ဒါကိုအခြေခံပြီး ဆွေးနွေးဖို့နဲ့ ဒီနေ့ပြောတဲ့အပေါ်မှာ မူတည်ပြီး ဆွေးနွေးမှာပါ။ ဒီနေ့လို ဆွေးနွေးပွဲလုပ်ပေးတာ ကောင်းပါတယ်။ ဒါပေမယ့် အလုပ်ရှင်တွေနဲ့ တိုက်ရိုက်မတွေ့ရသေးဘူး၊ အလုပ်ရှင်နဲ့ အလုပ်သမားပါ စစ်တမ်းကောက်ပြီးသွားရင် ပိုအဆင်ပြေမှာပါ။

**ဦးသောင်းနိုင်**
**Lotte MGS အချုပ်စက်ရုံ**
**အခြေခံအလုပ်သမားအဖွဲ့အစည်း**
**ဥက္ကဋ္ဌ ပြည်ကြီးတံခွန်မြို့နယ်**
**မန္တလေးတိုင်းဒေသကြီး**

ကျွန်တော်က မန္တလေးတိုင်းဒေသကြီးက အနိမ့်ဆုံးလုပ်ခလစာ ညှိနှိုင်းရေးကော်မတီရဲ့ သုတေသနအဖွဲ့မှာပါဝင်နေတယ်။ လိုအပ်တဲ့ အချက်အလက်တွေတင်ပြဖို့ အစိုးရက စစ်တမ်းကောက်ပြီး ငွေပမာဏ ထွက်လာတယ်။ ကချင်ပြည်နယ်ဆိုရင် တောင်းဆိုတာ ၄၀၀၀။ ဒါပေမယ့် ပေးတာ ၂၂၀၀ လို့ ပြောတယ်။ ဒါက ကချင်ပြည်နယ်လိုဒေသမှာ လုပ်နိုင်တဲ့အနေအထားမျိုးမရှိဘူး။ ဒါမျိုးတွေမှာ ဘယ်ဟာကိုပြင်သင့်တယ်။ ဘယ်ဒေသကိုတော့ ဘယ်လောက်ပေးသင့်တယ်ဆိုတဲ့အချက်တွေကို လာရောက်ဆွေးနွေးတာဖြစ်ပါတယ်။ ဒီလိုခေါ်ယူဆွေးနွေးတာ ကောင်းပါတယ်။

မနေ့က အလုပ်ရှင်နဲ့အစိုးရနဲ့ ညှိနှိုင်းတယ်။ အလုပ်ရှင်တွေဘက်မှာလည်း အခက်အခဲတွေရှိတယ်။ မြန်မာနိုင်ငံမှာ အနိမ့်ဆုံးလုပ်ခလစာဆိုတာ အခုမှပြဋ္ဌာန်းတာ၊ အလုပ်ရှင်ဘက်က စတင်ပေးဖို့ဆိုတာ အခက်အခဲရှိမယ်လို့တင်ပြတယ်။ အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ဖို့ဆိုတာ အလုပ်သမားတွေအတွက်အရေးကြီးသလို အလုပ်ရှင်ဘက်ကလည်း ပေးဖို့ အခက်အခဲက အရေးကြီးကောင်းကြီးပါလိမ့်မယ်။ ဒါကိုနားလည်တယ်။ ဝန်ကြီးပြောသွားတဲ့ စကားတစ်ခွန်းရှိတယ်။ အလုပ်ရှင်တွေကိုလည်း အခက်အခဲတွေကို အလုပ်သမားတွေ စစ်တမ်းကောက်သလို စစ်တမ်းကောက်သင့်တယ်။ ဒါမှလည်း ပွင့်လင်းမြင်သာမယ်။ အလုပ်ရှင်တွေရဲ့ အခက်အခဲတွေကို ပွင့်လင်းမြင်သာစွာချပြမှ အလုပ်သမားတွေ ဘက်ကလည်း ကျေနပ်လက်သင့်ခံနိုင်မယ့် အနေအထားရှိမယ်။ ဒါကို နိုင်ငံတော်အနေနဲ့၊ ဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်တယ်။ ဒါဟာ ကောင်းတဲ့ လက္ခဏာပါ။

မန္တလေးတိုင်းဒေသကြီးအနေနဲ့ အနိမ့်ဆုံးလုပ်ခကို ၆၀၀၀ တင်ပါတယ်။ အနည်းဆုံး ၄၅၀၀၊ ၅၀၀၀ လောက်တော့ရစေချင်တယ်။ မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းတွေ အနိမ့်ဆုံး တစ်သိန်းနှစ်သောင်းရတယ်။ ဒီထက်တော့ မနည်းစေချင်ဘူး။ ပုဂ္ဂလိကလုပ်ငန်း အလုပ်သမားတွေဖြစ်တဲ့အတွက်ကြောင့်မို့ ဒါကို ဦးတည်ပြီး ပြောမှာဖြစ်ပါတယ်။ လက်ရှိအလုပ်ရှင်ဘက်က ၃၀၀၀ လို့ သတ်မှတ်တယ်။ မနေ့က ဆွေးနွေးပွဲမှာ ကျွန်တော်တို့ မတက်ရပေမယ့် Information အပိုင်းက သိရပါတယ်။ ဒီနေ့ ဆွေးနွေးပွဲမှာ အစိုးရနဲ့ အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်းမယ်။ အလုပ်ရှင်မပါတဲ့အတွက် အစိုးရကနားထောင်မယ်။ ကျွန်တော်တို့က ပြောရမယ့်အပိုင်းပဲ ဖြစ်မယ်လို့ မြင်ပါတယ်။

**ဦးကျော်စိုးမိုး**
**ကုန်တင်ကုန်ချ အလုပ်သမားအဖွဲ့**
**အစည်းဥက္ကဋ္ဌ ဒိုက်ဦးမြို့နယ်**
**ပဲခူးတိုင်းဒေသကြီး**

အနိမ့်ဆုံးအခကြေးငွေ သတ်မှတ်နိုင်ဖို့ဆိုတာ တစ်နိုင်ငံလုံးဖြစ်စေချင်တဲ့ အကြောင်းအရာဖြစ်တယ်။ အခြေခံအလုပ်သမားထုကိုယ်စား ညှိနှိုင်းဖို့တက်ရောက်တာပါ။ မီဒီယာတွေမှာပါတာတော့ အနိမ့်ဆုံးအခကြေးငွေကို ၁၅၀၀ လို့ သတ်မှတ်မယ်လို့ တွေ့ရပါတယ်။ ဒါပေမယ့် အခြေခံအလုပ်သမားအဖွဲ့အစည်းအနေနဲ့ ၁၅၀၀ သတ်မှတ်မယ်ဆိုရင် မဖြစ်နိုင်ပါဘူး။ တစ်နေ့တာ စားဝတ်နေရေးနဲ့ ပတ်သက်ပြီး တစ်နေ့ ထမင်းတစ်နပ်စာပဲ ရှိပါတယ်။ နောက်က မိသားစုရှိသေးတယ်။ ဒါကတော့ မဖြစ်နိုင်ဘူးလို့ယူဆတယ်။ အလုပ်သမားဘက်က တင်ပြထားတာတွေရှိတယ်။ စက်ရုံ၊ ကုမ္ပဏီနဲ့ ကုန်တင် ကုန်ချ အလုပ်သမားတွေ တစ်ယောက်နဲ့ တစ်ယောက် ရတဲ့လုပ်ခမတူဘူး။ ဝန်ကြီးပြောဖူးတဲ့ စကားရှိတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်၊ မြို့နယ်တွေအပေါ်မူတည်ပြီး ချပေးမယ်လို့ ပြောတယ်။ တွေ့ဆုံပွဲတွေ လုပ်တာတော့ များတော့များလာပြီ၊ အောင်မြင်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးလှဋ္ဌေး**
**သယ်ယူပို့ဆောင်ရေး**
**အလုပ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ**
**တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး**

ပထမကတော့ တင်ပြဖို့ အများကြီးစဉ်းစားလာတယ်။ မနေ့က ပြည်ထောင်စုဝန်ကြီးနဲ့ အလုပ်ရှင်တွေ့ဆုံပွဲမှာ အလုပ်ရှင်တွေရဲ့ သဘောက ၁၅၀၀ ကျပ်ထက် ပိုပြီး မပေးဘူးဆိုပြီး ဆွေးနွေးခဲ့ကြတယ်။ ဒီနေ့ သတင်းစာ၊ ဂျာနယ်ဖတ်လိုက်ရတယ်။ အလုပ်ရှင်တွေရဲ့ ကုန်ကျစရိတ်က ဘယ်လိုရှိသလဲဆိုတာ စစ်တမ်းကောက်ဖို့ ပြည်ထောင်စုဝန်ကြီးကို အကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။

အလုပ်သမားတွေအနေနဲ့လုပ်ခများလေကောင်းလေပေါ့။ ဒါပေမယ့် ဖြစ်နိုင်ခြေ တစ်ယောက်နဲ့တစ်ယောက်၊တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူကြဘူး ဖြစ်နေတယ်။ မတူကြဘူးဆိုတာ ကုမ္ပဏီတွေအနေနဲ့လည်း ပေးတာကိုက တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။ တချို့က ခေါင်းစဉ်တွေအများကြီးနဲ့ ပေးထားတယ်။ တခြားပေါင်းပေးတဲ့ ခေါင်းစဉ်တွေက အချိန်ပိုတို့၊ ခရီးစရိတ် စသည်အားဖြင့်ပေးတဲ့ ခေါင်းစဉ်အများကြီးဖြစ်တော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူဘူး။ ပြောရတာ ကျယ်ပြန့်မှုရှိတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာတော့ အနိမ့်ဆုံးလစာက ၄၀၀၀ ကျပ်ရရင် အားလုံးအဆင်ပြေနိုင်မယ့် အနေအထားရှိပါတယ်။ ဒီလို ဆွေးနွေးပွဲမျိုးကို အစိုးရအဖွဲ့အနေနဲ့ လစဉ်လုပ်ပေးရင်တော့ ပိုပြီးအဆင်ပြေမယ်လို့ ယူဆပါတယ်။

အလုပ်ရှင်၊ အလုပ်သမားများ၏ ဆွေးနွေးပွဲမှတ်ချက်များဖြင့် အဆိုပြုနှုန်းထားတစ်ရပ်ကို အမျိုးသားအဆင့်ကော်မတီက ထောက်ခံပြီးပါက ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး အဆိုပါနှုန်းထားအပေါ် သက်ဆိုင်သူများက ရက်ပေါင်းခြောက်ဆယ်အတွင်း သဘောထားမှတ်ချက်များ ဆက်လက်ပေးပို့နိုင်ကြောင်း သိရသည်။ ယင်းအချက်အလက်များအပေါ် အခြေခံကာ အပြီးသတ်ဆွေးနွေးပွဲဖြင့် ဆွေးနွေးပွဲရလဒ်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းသည် တစ်ကြိမ်တည်းဆောင်ရွက်ရမည့်လုပ်ငန်းမဟုတ်ဘဲ နှစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ် ပြင်ဆင်နိုင်ကြောင်းလည်း သိရသည်။

ကမ္ဘာ့နိုင်ငံပေါင်း၏ ကိုးဆယ်ရာခိုင်နှုန်းသည် အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေကို ဥပဒေပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် မတ်လက ပြဋ္ဌာန်းခဲ့သည်။ ယင်းသို့ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ခြင်းသည် အလုပ်သမား၊ အလုပ်ရှင်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိကြောင်း၊ အထူးသဖြင့် လုပ်သားစွမ်းရည် မြင့်မားမှုနှင့် အလုပ်ရှင် အလုပ်သမား ဆက်ဆံရေးကောင်းမွန်မှုသည် နိုင်ငံအတွက် အရေးကြီးသည့် အချက်များဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ၏ အစားအသောက်နှင့် အခြား လိုအပ်ချက်များအတွက် တစ်နေ့တာ လိုအပ်ချက်ကို အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာရှိကြောင်း ကမ္ဘာ့ဘဏ်က သတ်မှတ်ထားပြီး ဗင်နီဇွဲလား၊ မက္ကဆီကိုနှင့် ဥရုဂွေး စသည့် နိုင်ငံများမှာ အဆိုပါ သတ်မှတ်စည်းမျဉ်းအောက်တွင်သာ ရှိနေသေးကြောင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်သည့်ပုံစံများ နိုင်ငံအလိုက် ကွာခြားမှုများရှိရာ လုပ်အားစွမ်းရည်နှင့် လုပ်သားအဆင့်အပေါ် မူတည်သတ်မှတ်မှုများလည်း ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုတွင် အလုပ်ရှင်များအတွက် လုပ်သာကိုင်သာရှိမှု ပတ်ဝန်းကျင်သည် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်းကို ကမ္ဘာ့ဘဏ်၏ တရားဝင် ထုတ်ပြန်ထားသော စစ်တမ်းများအရ သိရသည်။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် ယာဉ်တိုက်မှု ရှစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တပ်ကုန်းမြို့နယ် ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၂၃၈/၇) နှင့် (၂၃၉/၀) အကြား၌ ယနေ့နံနက် ၀၀း၃၀ အချိန်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။




မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်းဦးစိုး(ခ)စိုးတင့်(၄၃နှစ်) (တံခွန်တိုင်မြောက် ဥယျာဉ်ရပ်ကွက် ပြည်ကြီးတံခွန်)မောင်းနှင်သော န/---- ဟိုင်းလတ် အဖြူရောင်ယာဉ်မှာ လမ်းချော်ပြီး ယိမ်းယိုင်စဉ် နောက်မှ ယာဉ်မောင်း ထွန်းလွင် (၄၈နှစ်) (သခင်ထွန်းအုပ်လမ်း အောင်ချမ်းသာရပ် သန်လျင်မြို့နေသူ) မောင်းနှင်သော 1J/---- ခရီးသည်တင် မှန်လုံယာဉ် (လိုင်စင်စိစစ်ဆဲ)မှာ အရှိန်မထိန်းနိုင်ဘဲ န/----ဟိုင်းလတ်ယာဉ်၏ နောက်ပိုင်းအား တိုက်မိပြီး 1J/--- ခရီးသည်တင်ယာဉ်မှာ လမ်းမပေါ်၌ ရပ်တန့်သွားကာ ယာဉ်ပေါ်ပါရှိသူ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၀ မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း န/---- ဟိုင်းလတ်ယာဉ်မှာ လမ်းယာဘက် မြေသားလမ်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါရှိသူ သံဃာတစ်ပါး၊ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၄ ဦးအနက် အမျိုးသား သုံးဦး၊ အမျိုးသမီး ငါးဦး သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါရှိသူတချို့ ဒဏ်ရာများ ရရှိသည်။


ဆက်လက်၍ တာဝန်ရှိသူများ အဖွဲ့က အမှုနှင့်ပတ်သက်၍ ထပ်မံစစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာ တစ်ဝိုက်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း စစ်ဆေးတွေ့ရှိရကြောင်း၊ ထွန်းလွင် (ခရီးသည်တင်ယာဉ်-ယာဉ်မောင်း)က ၎င်းမောင်းနှင်သော ယာဉ်မှာ မန္တလေးမှ နေပြည်တော်သို့ မောင်းနှင်စဉ် မိုင်တိုင်အမှတ် (၂၄၂/၀)အနီးအရောက် ရှေ့မှ န/----ဟိုင်းလတ်ယာဉ်မှာလမ်းလယ်မျဉ်းအားခွပြီး မောင်းနှင်နေသည်ကို တွေ့မြင်ရ၍ အရှိန်လျှော့ပြီး လမ်းတောင်း၍ မောင်းနှင်ခဲ့ကြောင်း၊ အခင်းဖြစ်နေရာ မိုင်တိုင်အမှတ် (၂၃၉/၀)သို့ရောက်ရှိစဉ် ဟိုင်းလတ်ယာဉ်မှာ လမ်းယာဘက်သို့ ချပေးခဲ့ကြောင်း၊ ခရီးသည်တင်မှန်လုံယာဉ်မှာ လမ်းဝဲဘက်ခြမ်းမှ ကျော်တက်မောင်းနှင်စဉ် န/----ဟိုင်းလတ်ယာဉ်မှာ လမ်းချော်ပြီး လမ်းဝဲဘက်ယာဉ်ကြောဘက်သို့ ယာဉ်နောက်ပိုင်းယမ်း၍ ရောက်ရှိလာသဖြင့် မှန်လုံယာဉ်၏ခေါင်းပိုင်း ယာဘက်စွန်းနှင့်ဟိုင်းလတ်ယာဉ်၏နောက်ပိတ်ဝဲဘက်ထောင့်အား တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဟိုင်းလတ်ယာဉ်ပေါ်ပါရှိသည့် ဒဏ်ရာရရှိသူ မဝါဝါနှင့် မနှင်းအိလှိုင်တို့၏ အစစ်ခံချက်အရ ဟိုင်းလတ်ယာဉ်မှာ မိုးရွာသွန်းမှုကြောင့်လမ်းချော်ပြီး ဝဲဘက်ခြမ်းသို့ ပြန်လည်ယိမ်းယိုင်စဉ် မှန်လုံယာဉ်နှင့် တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ရာနေရာသို့ သတင်းရလျှင်ရချင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းပါ တပ်ဖွဲ့ဝင်များ၊ ပန်းတင်အမြန်လမ်းမကြီး ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပေပင်လေးအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အုပ်ချုပ်မှုယာဉ်၊ လူနာတင်ယာဉ်များဖြင့် အချိန်နှင့် တစ်ပြေးညီ ရောက်ရှိခဲ့ပြီး အခင်းဖြစ်ပွားရာနေရာရှိ ဒဏ်ရာရသူများအား နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ခြင်း၊ သေဆုံးသူအလောင်းများအား ထုတ်ယူခြင်း၊ ယာဉ်ကြောရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များက နေပြည်တော် ခုတင်၁၀၀၀ ဆေးရုံသို့သွားရောက်၍ ဒဏ်ရာရရှိသူများအား ကြည့်ရှုစစ်ဆေးအားပေးစကားပြောကြားကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ယာဉ်တိုက်မှုကြောင့် 1J/---- မှန်လုံယာဉ်မှာ လေကာမှန်ကွဲ၊ ယာဘက်အတက်အဆင်း တံခါးကျိုးပဲ့၊ ယာဘက်ရှေ့မီးကွဲ၊ ရှေ့ဆန်ခါပိန်ချိုင့်နှင့် ဟိုင်းလတ် န/----ယာဉ်မှာ လေကာမှန်ကွဲ၊ ဘောနတ်ဖုံးပိန်ချိုင့်၊ ညာဘက်တံခါးတွန့်ကြေ၊ ကိုယ်ထည်ပိန်ချိုင့်၊ နောက်ပိတ်တံခါးတွန့်ကြေ၊ အဖုံးပိန်ချိုင့်ဖြစ်ခဲ့ပြီး ကားနှစ်စီးပျက်စီးခဲ့သည်။ အခင်းဖြစ်သည့် 1J/---- မှန်လုံယာဉ်ပေါ်ပါရှိသည့် ခရီးသည်များအား 4G/---- ခရီးသည်တင်မှန်လုံယာဉ်ဖြင့် ပြောင်းရွှေ့ဆောင်ရွက်ပေးခဲ့ပြီး ဟိုင်းလတ်ယာဉ်ပေါ်ပါရှိသူများ၏ ရွှေထည်ပစ္စည်းများ၊ လူအသုံးအဆောင်ပစ္စည်းများအား သက်သေများရှေ့တွင် တာဝန်ရှိသူများက စနစ်တကျသိမ်းဆည်း ထားရှိကြောင်းနှင့် သက်ဆိုင်ရာ မိသားစုဝင်များထံသို့ ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်ပေါ့လျော့စွာ မောင်းနှင်သူ 1J/---- ခရီးသည်တင်မှန်လုံယာဉ်မောင်း ထွန်းလွင်နှင့် န/---- ဟိုင်းလတ်ယာဉ်မောင်း ဦးစိုး(ခ)စိုးတင့်တို့အား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တာဝန်ရှိသူများက အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း၊ သက်သေခံယာဉ်နှစ်စီးအား သိမ်းဆည်းခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဟိုင်းလတ်ယာဉ်မှ ဒဏ်ရာရရှိသူ အမျိုးသားငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦးတို့ကို နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးစောလှ၊ ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့် တာဝန်ရှိသူများသည် လူနာများနှင့် လူနာရှင်များအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**





# ခြောက်ဘီးယာဉ်က တံတားလက်ရန်းကိုတိုက်မိပြီး ပြုတ်ကျတိမ်းမှောက်

**ပေါက် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အမှတ်(၂) ပေါက်တံတား(ရေပြာ)၌ ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ခြောက်ဘီးမော်တော်ယာဉ်တစ်စီးက တံတားလက်ရန်းကို ဝင်တိုက်မိ၍ပြုတ်ကျကာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း ရေပြာနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က ပေါက်မြို့နယ် ရေပြာနယ်မြေရဲစခန်း၌ တာဝန်မှူး ဒုရဲအုပ်တင်လင်း တာဝန်ထမ်းဆောင်စဉ် အမှတ်(၂) ပေါက်တံတား(ရေပြာ)၌ မော်တော်ယာဉ်တစ်စီး ပြုတ်ကျတိမ်းမှောက်ကြောင်း သတင်းရရှိ၍ သက်သေများနှင့် အတူ သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ဦးဆန်းဝင်း (၃၇ နှစ်) စိန်ပန်းကုန်းကျေးရွာ သဲကြီးကုန်းကျေးရွာအုပ်စု ဆိပ်ဖြူမြို့နယ်သည် မ/---- မှန်ထောင် ခေါင်းစိမ်း ခြောက်ဘီးမော်တော်ယာဉ်အား လူလေးဦး တင်ဆောင်လျက် ပခုက္ကူ မှ ရေပြာ-ဆိပ်ဖြူမြို့နယ်သို့ မောင်းနှင်လာစဉ် တံတားတိုင်အမှတ် M-3 နှင့် M-4 ကြား၊ တံတားယာဘက်လက်ရန်းကို ဝင်တိုက်မိပြီး ပြုတ်ကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှု၌ ဦးနေလင်းအောင် (၂၆နှစ်) ဒဏ်ရာရရှိပြီး ကျန်သူများမှာ ပွန်းရှဒဏ်ရာများရရှိ၍ ပေါက်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ယာဉ်မောင်း ဆန်းဝင်းကို ရေပြာနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဖိုးသားလေး(ယောမြေ)**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက(၂) မြို့မ နဝမတန်း(ဂ)မှ မအိနှင်းဖွေး၏ ဖခင် ဦးမြင့်စိုး ၁၄/ရကန(နိုင်)၀၄၂၁၆၅၏ အမည်မှန်မှာ ဦးမြင့်စိုး ဖြစ်ပါကြောင်း။ **ဦးမြင့်စိုး**

## အမည်ပြောင်း

ဦးခင်အောင်၏သား ငါးသိုင်းချောင်းမြို့၊ ရှမ်းတန်း (အမက) ဒုတိယတန်းမှ မောင်နိုင်ထူးအောင်အား မောင်ကောင်းဝင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဝင်းခန့်**

## အိမ်ရောင်းမည်မဟုတ်ပါကြောင်း

၂၄-၄-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၆ ပါ အိမ်ရောင်းမည် အမှတ် ခ/၅၉၆၊ ဧလမ်း(တောင်)၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ နေအိမ်အား ရောင်းချမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းထိန်**
**၁၂/အစန(နိုင်)၁၀၅၂၉၇**
**အမှတ် ခ/၅၉၆၊ ဧလမ်း(တောင်)၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၃၈၉၉၁**

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်(၁၃)**

ဒေါ်နုနုရင် နှင့် ဦးမောင်လှိုင်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

တရားရှုံး(ယခင်နေရပ်လိပ်စာ) အမှတ်(၁၂၉)၊ သုဓမ္မလမ်း၊ (၅)ရပ်ကွက်၊ (ယခုလိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၂၀ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဧပြီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၅ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်(၁၄)**

ဒေါ်နုနုရင် နှင့် ဦးလှထွန်း
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

တရားရှုံး(ယခင်နေရပ်လိပ်စာ)အမှတ်(၃၅၆)၊ သုဓမ္မလမ်း၊ (၅)တိုးချဲ့ရပ်ကွက်၊ (ယခုလိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄၅ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၂၀ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဧပြီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

# ကုလားချောင်းကျေးရွာအနီး AA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၆**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကုလားချောင်းကျေးရွာအနီး မြောက်ဘက် တောင်ကြောတွင် AA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦး ခိုအောင်းလျက်ရှိကြောင်း ဧပြီ ၂၅ ရက်က ဒေသခံပြည်သူများ၏ သတင်းပို့ချက်အရ တပ်မတော် စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရာ ကုလားချောင်းကျေးရွာ၏ မြောက်ဘက် မီတာ ၁၀၀၀ ခန့်တွင် AA လက်နက်ကိုင်အဖွဲ့မှ ထွန်းထွန်းဝင်း (၃၁ နှစ်) (ဘ) ဦးထွန်းခိုင်အား အမ်(၂၂) ပုံစံ သေနတ်တစ်လက်၊ ယင်းကျည် အတောင့် ၃၀၊ ကျည်အိမ်နှစ်ခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ချပ်ဝတ်တန်ဆာတစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ သတင်းများဖော်ထုတ်၍ ရခိုင်ပြည်နယ်အတွင်း AA လက်နက်ကိုင်အဖွဲ့များ စိမ့်ဝင်လှုပ်ရှားမှုမရှိစေရေး အသေးစိတ်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# အင်းတော်မြို့နယ် မန်လည်ကျေးရွာ လမ်းခွဲအနီးတွင် ကျည်ဆန်များတွေ့ရှိ



**အင်းတော် ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်း မန်လည်ကျေးရွာ လမ်းခွဲအနီးရှိ ကိုသိန်းဇော် ကားလေထိုးကျွတ်ဖာဆိုင်အနီး တောင်ကုန်းပေါ်၌ သေနတ်ကျည်ဆန်များ တွေ့ရှိကြောင်း သတင်းအရ ဧပြီ ၂၆ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က အင်းတော်မြို့မရဲစခန်းမှူး ရဲအုပ်သိန်းဆွေနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျည်ဆန်များတွေ့ရှိရသည့်နေရာမှာ ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းဘေး မိုင်တိုင်အမှတ် ၁၃၆/၀ မန်လည်ကျေးရွာသို့ သွားသည့်လမ်းခွဲအနီးရှိ ကိုသိန်းဇော်၏ လေထိုးကျွတ်ဖာဆိုင် တောင်ဘက် ကိုက် ၁၅၀ ခန့်အကွာ ဂျိုးကြာလွင် တောစပ်တွင် 5. 56 အမျိုးအစား ကျည်အကောင်း ၁၀၃ တောင့်၊ ပေါက်ကွဲပြီး ကျည်ခွံနှစ်တောင့်တို့ကို တပ်သားသောင်းမြညွန့် စာတန်းပါ မီးလောင်ထားသည့် အစိမ်းရောင်ကျည်ထည့်သည့် အဝတ်အိတ်အပိုင်းအစ သုံးခုတို့အား မန်လည်လမ်းခွဲ လမ်းဘေးတဲနေ မမိုးပြည့်ပြည့်အောင်က တောအတွင်းသို့သွားစဉ် တွေ့ရှိခဲ့၍ မိဘများထံ ပြောပြသဖြင့် သက်သေ ဦးပြည့်ဖြိုးအောင်၊ ဦးအောင်မင်းဦးတို့နှင့်အတူ စစ်ဆေးသိမ်းဆည်းခဲ့ကြောင်း၊ ပတ်ဝန်းကျင်ရှိသူများ၏ ပြောပြချက်အရ လေထိုးကျွတ်ဖာဆိုင်တွင် စစ်ယာဉ်တန်းများ မကြာခဏ ရောက်ရှိ ဘီးဖာလေ့ရှိကြောင်း၊ စစ်သည်အချို့သည် ယင်းနေရာသို့ အပေ့အပါး သွားလေ့ရှိကြောင်း၊ တွေ့ရှိသည့်နေရာသည် တောစပ်ဖြစ်၍ သကြင်္န်မတိုင်မီအချိန်က တောမီးလောင်ခဲ့ဖူးကြောင်း၊ သို့သော် ယင်းနေရာတွင် လောင်စာနည်းပါး၍ အနည်းငယ်သာ လောင်ကျွမ်းခဲ့ပြီး ကျည်နှစ်တောင့် ပေါက်ထွက်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း စုံစမ်းသိရှိရသည်။ အဆိုပါကျည်ဆန်များကို နယ်မြေခံတပ်သို့ စနစ်တကျအပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သားများက အသက်ကိုပဓာနမထားဘဲ ဆက်လက်တိုက်ခိုက်သွားမည်

**နေပြည်တော် ဧပြီ ၂၆**

ကိုးကန့်သောင်းကျန်းသူများ အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသနှင့် စန်တအိုက်ရှန် ကုန်းမြင့်ဒေသတို့အား တပ်မတော်က တိုက်ခိုက်ထိန်းချုပ်နိုင်ခဲ့သဖြင့် သောင်းကျန်းသူများသည် နယ်မြေကျဉ်းမြောင်းလာပြီး ယင်းဒေသမှအင်အားများကို စုစည်းကာ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၉) တည်ရှိသည့် တောင်ကြောအနီး မြင့်မားမတ်စောက်သော ကျောက်တောင်တစ်ခုဖြစ်သည့် ပွိုင့်-၂၂၀၂ တောင်ကုန်းတွင် ခံစစ်ဆင်ရန် စီစဉ်လာခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများသည် မြေအနေအထားအရ အသာစီးရရှိထားသော ပွိုင့်-၂၂၀၂ တောင်ကုန်းပေါ်တွင် အခိုင်အမာ ဘန်ကာများဆောက်လုပ်၍ ခြံစည်းရိုးများကာရံပြီး မိုင်းကွင်းနှင့် အတားအဆီးများပြုလုပ်ကာ တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အဆင့်ဆင့်ခုခံ တိုက်ခိုက်လျက်ရှိသည်။


တပ်မတော် စစ်ကြောင်းများက ပွိုင့်-၂၂၀၂ သို့ လည်းကောင်း၊ ဟိုထိုလင်ကျေးရွာအနီး တောင်ကြောများသို့ လည်းကောင်း၊ စီတုံးဆွေကျေးရွာအနီး တောင်ကုန်းသို့ လည်းကောင်း စစ်ကြောင်းများဖြန့်ခွဲ၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ တပ်မတော် စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူများ လက်တစ်ကမ်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

အဆိုပါတိုက်ပွဲများတွင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် မြေအနေအထား အသာစီးရယူကာ ပိတ်ဆို့တိုက်ခိုက်ခဲ့ပြီး ရာသီဥတု ဆိုးရွားလျက်ရှိသော်လည်း တပ်မတော်သားများက ရဲဝံ့စွန့်စားစွာဖြင့် အဆင့်ဆင့် ထိုးဖောက်တိုက်ခိုက်ချေမှုန်းခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာ နေရာများသည် နှစ်နိုင်ငံနယ်နိမိတ်မျဉ်း၏ မီတာ ၅၀၀ နှင့် ၁၅၀၀ ကြားတွင် ရှိခြင်းကြောင့် တစ်ဖက်နိုင်ငံအတွင်းသို့ မိမိကျည်များ ကျရောက်ပေါက်ကွဲမှု မရှိစေရေး အလေးထား ထိန်းသိမ်းဆောင်ရွက်ရမှုကြောင့် စစ်နည်းဗျူဟာကျင့်သုံးမှုအပိုင်းတွင် ကန့်သတ်ချက်နှင့် အခက်အခဲများစွာရှိခဲ့သည်။

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် အထောက်အပံ့များ ရယူတိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး အချို့ ပျောက်ဆုံးခဲ့ကာ ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသည့် အရာရှိနှင့် စစ်သည်များကို တပ်မတော်ဆေးရုံများသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

လောက်ကိုင်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးအတွက် ကိုးကန့်သောင်းကျန်းသူ အကြွင်းအကျန်များ ဒေသအတွင်းအခြေပြုနေထိုင်လှုပ်ရှားမှုများနှင့် ခုခံတိုက်ခိုက်မှုများ မပြုလုပ်နိုင်စေရေးအတွက် တပ်မတော်သားများက အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် ဆက်လက်တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**





တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048,256954

လှည်းတန်းကျောင်းခွဲ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

**Basic English Speaking**
1 - 2:30 (Mon ~ Thurs) 4 May
1 - 4:00 (Sat + Sun) 10 May
6 - 7:30 (Mon ~ Thurs) 13 May
9 - 12:00 (Sat + Sun) 17 May

**Basic Four Skills English**
10-11:30 (Mon ~ Thurs) 6 May
1 - 4:00 (Sat + Sun) 10 May
1 - 2:30 (Mon ~ Thurs) 11 May
7:30 - 9 (Mon ~ Thurs) 13 May
3:30 - 5 (Mon ~ Thurs) 13 May

**Vocab Enrichment**
1 - 4:00 (Sat + Sun) 17 May
1 - 2:30 (Mon ~ Thurs) 25 May

**Pre-Intermediate (4-Skill English)**
1 - 2:30 (Mon ~ Thurs) 28 Apr
10-11:30 (Mon ~ Thurs) 18 May
3:30 - 5 (Mon ~ Thurs) 27 May
1 - 4:00 (Sat + Sun) 6 Jun

**Intermediate (Academic English)**
7:30-10:30 (Sat + Sun) 25 Apr
1 - 2:30 (Mon ~ Thurs) 20 May
7:30 - 9 (Mon ~ Thurs) 27 May

**Basic Grammar**
10-11:30 (Mon ~ Thurs) 6 May
7:30 - 9 (Mon ~ Thurs) 25 May

**Basic Writing**
3:30 - 5 (Mon ~ Thurs) 26 May

**Basic English Speaking**
1 - 2:30 (Mon ~ Thurs) 27 Apr
3:30 - 5 (Mon ~ Thurs) 20 May
12 - 3:00 (Sat + Sun) 24 May
7:30-10:30 (Sat + Sun) 31 May

**Basic Four Skills English**
7:30 - 9 (Mon ~ Thurs) 12 May
10-11:30 (Mon ~ Thurs) 13 May
12 - 3:00 (Sat + Sun) 16 May

**Basic Grammar**
7:30-10:30 (Sat + Sun) 23 May

**Pre-Intermediate (4-Skill English)**
6 - 7:30 (Mon ~ Thurs) 18 May
10-11:30 (Mon ~ Thurs) 27 May

**Intermediate (Academic English)**
12 - 3:00 (Sat + Sun) 17 May

**IELTS (Four Skills)**
1 - 4:30 (Sat + Sun) 25 Apr
7:30-9:30 (Mon ~ Thurs) 11 May

**IELTS Exam Practice**
3:30 - 5 (Mon ~ Thurs) 25 May

**IELTS (Speaking)**
1 - 2:30 (Mon ~ Thurs) 27 Apr

**IELTS (Writing)**
7:30 - 9 (Mon ~ Thurs) 11 May
8 - 11:00 (Sat + Sun) 31 May



**ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ - နေ့စဉ်**
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ဖ်စမ်းလှိုက်ဂူ
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ (၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနှံ့ (၅)ရက်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာအနှံ့၊ (အလောင်းတော်ကဿပ)
▲ (မော်လမြိုင်၊ ကျိုက္ကမီ - ကဆုန်ညောင်ရေသွန်းပွဲ၊ စက်စဲ၊ နွားလပို့တောင်) (၃)ရက်
▲ ဆက်၍ - ထား၀ယ်ရှင်ကိုးရှင်၊ မောင်းမကန် (၆)ရက် အပတ်စဉ် - သောကြာနှင့် ဧပြီ/၃၀
ဖုန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) ရေးမြို့နယ်(မော့ကနင်-ဘဲလမု-ဘီဆိုင်-ကွမ်းသီးတောလမ်းမှ (၈/၆)မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း)

(ခ) သထုံမြို့နယ်[ကြက်တူရွေးတောင်ကျေးရွာအုပ်စု၊ ဇလပ်ပန်းကျေးရွာလမ်း (၃)မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း]

(ဂ) ရေးမြို့နယ်[မော့ကနင်-ဘဲလမု-ဘီဆိုင်-ကွမ်းသီးတောလမ်းပေါ်ရှိ ကလိတ်တုတ်-ချောင်းနှစ်ခွကြား သံကူကွန်ကရစ်တံတား (၁၄)စင်း၊ (၅၄၀)ပေ]

(ဃ) ရေးမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့တွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၇) ခု

(င) ကျိုက်မရောမြို့နယ်တွင် (၄)လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း (၃)ခု

(စ) ကျိုက်မရောမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် ရုံ (၁၁)ရုံအတွက် စက်ပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်း

(ဆ) ဆိုလာပါဝါမီးတပ်ဆင်ခြင်း(၂၀၀၀)စုံ (ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက်မရောမြို့နယ်)

(ည) ရေးမြို့နယ် [နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ (၃)လုံးဆောက်လုပ်ခြင်းလုပ်ငန်း]

၂။ **တင်ဒါစတင်လက်ခံမည့်ရက်** - ၂၉-၄-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၅-၂၀၁၅ ရက် ၁၆:၃၀နာရီ

၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ရုံးချိန်အတွင်း ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မော်လမြိုင်) မွန်ပြည်နယ်တွင် ရယူနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်မည့်ရက်အား အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**ဒေသကြီးကြပ်ရေးမှူး**
**ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(မြောက်)ရပ်ကွက်၊ ၄ဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-ဒီ)၊ အမှတ်၂၃၁၊ (၇ လွှာ/ဘီ)၊ အလျားပေ ၅၀× အနံ ၁၂⅔ ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟဝန်ခံသူ ဒေါ်ငွေဝါမြင့် ၁၂/အစန(နိုင်) ၁၅၈၂၂၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၅ ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သဇင်ကိုကို LL.B, LL.M အထက်တန်းရှေ့နေ (စဉ်-၄၀၈၇၆)**
**အမှတ်(၉)၊ (၄လွှာ/ဘီ)၊ ပဏ္ဍိတလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၈၈၉၄၊ ၀၉-၇၃၀၈၇၅၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်း၊ အမှတ်(၂၃၀/ခ) ဟုခေါ်တွင်သော ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဥယျာဉ်ကြီးမြောက်ရပ်၊ ဦးပိုင်အမှတ်(၈၇ဃ)၊ မြေ ဧရိယာ ၀ ဒသမ ၀၂၄ ဧကရှိ နှစ် ၃၀ ဂရန်မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးမြလှိုင်အမည်ပေါက် ဖြစ်ပါသည်။ အနီးပတ်ဝန်းကျင်မီးလောင်မှုဖြစ်ပွားခဲ့စဉ် သယ်ယူရွှေ့ပြောင်းရာမှ ဦးမြလှိုင်၏ ဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးမြလှိုင်မှ ဂရန်မိတ္တူထုတ်ယူခွင့် လျှောက်ထားမှုအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ကျော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၅၅)**
**အမှတ် (၂၈)၊ ဗိုလ်အောင်ကျော်လမ်း၊ ဟင်္သာတမြို့**

# မြင်သောအိပ်မက် လက်တွေ့ရောက်နေသော ပန်းချောင်းရွာ

**သတင်းဆောင်းပါး-အေးအေးကြူ (ကျေးလက်ဦးစီး)**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့သည် တန်ခိုးကြီးသည့် ကျိုက်မှော်ဝန်းရေလယ်ဘုရားကြောင့် ထင်ရှားသောမြို့လေးဖြစ်သည်။ ကျောက်တန်းမြို့သည် ပဲခူးရိုးမတောင်စွယ်တစ်ခုပေါ်၌တည်ရှိပြီး ရန်ကုန်မြို့မှ မိုင်၂၀ ခန့်ကွာဝေးကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀ မြင့်သည်။ အနောက်ဘက်တွင် ရန်ကုန်မြစ်၊ အရှေ့ဘက်တွင် ခရမ်းမြို့၊ မြောက်ဘက်တွင် သန်လျင်မြို့၊ သုံးခွမြို့တို့တည်ရှိပြီး တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ တည်ရှိသည်။ ကျောက်တန်းမြို့နယ်တွင် ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာပေါင်း ၆၂ ရွာပါဝင်ပြီး တံတားကျေးရွာသည် မြို့အသွင်ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် တံတားမြို့အဖြစ် သတ်မှတ်ကာ ကျေးရွာပေါင်း ၁၂ အုပ်စု၊ ရွာပေါင်း ၁၆ ရွာပါဝင်သည်။ ထိုဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများကို အများဆုံးဆောင်ရွက်လုပ်ကိုင်ကြသည်။ မည်သည့်လုပ်ငန်းမဆို လုပ်ငန်းဆောင်ရွက်ရန်အတွက် အရင်းအနှီးလိုအပ်စမြဲဖြစ်ရာ အချို့မှာ အရင်းအနှီးနည်း၍ လုပ်ငန်းဆောင်ရွက်ရန်အတွက် အခက်အခဲရှိသလို အချို့မှာ လုပ်ငန်းကျွမ်းကျင်မှုရှိသော်လည်း လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးလိုအပ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ကျေးရွာတစ်ရွာလျှင် ထောက်ပံ့ငွေ ကျပ် သိန်း ၃၀၀ (အရင်းမပျောက်လည်ပတ်ရန်ပုံငွေ) ထောက်ပံ့၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၁၄၅၀ ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောက်တန်းမြို့နှင့် တံတားမြို့နယ်တွင် ကျေးရွာပေါင်း ၁၈ ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပန်းချောင်းရွာသို့ မြစိမ်းရောင်ချေးငွေဖြင့် ကျေးလက်ပြည်သူများလူမှုစီးပွားဘဝတိုးတက်နေမှုများကို လေ့လာရန် သွားရောက်ခဲ့ရာ သုံးခွမြို့မှ တံတားမြို့သို့ ကုန်းလမ်းဖြင့် သွားရောက်နိုင်ခဲ့ပြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ထားသည့် စင်မကော်မှ



ပန်းချောင်း ၂ (၂/၁) မိုင် ကွန်ကရစ်လမ်းမှ အချိန်တိုတိုနှင့် သွားရောက်နိုင်ခဲ့သည်။ ပန်းချောင်းရွာမှ မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ ဒေါ်ယုမွန်ကျော်က "ကျွန်မတို့ရွာကနေ စင်မကော်ရွာကို အရင်ကဆိုရင် လမ်းကကြမ်းတော့ ဆိုင်ကယ်၊ စက်ဘီး၊ ကားနဲ့သွားလို့မရလို့ ခြေကျင်သွားခဲ့ရတယ်။ ကျောက်တန်းကို သွားမယ်ဆိုရင်လည်း ရေလမ်းခရီးသာ သွားလို့ရတဲ့အတွက် ကိုယ်သွားချင်တဲ့အချိန် သွားလို့မရခဲ့ပါဘူး။ ကျွန်မတို့ ပန်းချောင်းရွာနဲ့ ကျောက်တန်းမြို့က မှော်ဝန်းချောင်း ခြားနေပါတယ်။ အခုဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်လုပ်နေတဲ့ ပန်းချောင်းတံတား (မှော်ဝန်းချောင်းတံတား) သံကူကွန်ကရစ်တံတား ပေ ၉၀၀ မကြာမီပြီးစီးပါက ဝဲကြီးကျေးရွာမှ ပိလခတ်ကျေးရွာ၊ ကျောက်တန်းမြို့ကို (၆/၅)မိုင် ကွန်ကရစ်လမ်းမှ အချိန်မရွေး သွားလာနိုင်တော့မှာဖြစ်၍ ကျွန်မတို့ရွာသူ ရွာသားတွေရဲ့ အိပ်မက်ကို လက်တွေ့ ဆောင်ရွက်နိုင်သလို ဖြစ်နေပါတယ်။ ဖော်မပြနိုင်အောင် ဝမ်းသာမိပါတယ်။ နောင်ဆိုရင် မြစိမ်းရောင်ချေးငွေနဲ့ စိုက်ပျိုးရေးမှထွက်ရှိတဲ့ ရာသီအလိုက် သီးနှံများကို ခရီးစရိတ်သက်သာစွာနဲ့ မြို့ကို အချိန်မရွေးသွားရောက်ရောင်းချနိုင်တဲ့အတွက် စားသုံးသူများမှာ ဈေးနှုန်းချိုသောစွာနဲ့ ဝယ်ယူနိုင်မှာဖြစ်ပါတယ် "ဟု ပြောသည်။

စင်မကော်ရွာမှ ကိုဇော်ထက်ဝေကလည်း "ကျွန်တော်တို့ရွာမှာ အထက်တန်းကျောင်း မရှိတော့ တံတားမြို့ကို ခြေကျင်သွားခဲ့ရတယ်။ လမ်းကမကောင်းတော့ စက်ဘီး၊ ဆိုင်ကယ် စီးလို့မရခဲ့ပါဘူး။ အခုဆိုရင် ဆိုင်ကယ်၊ကား၊ စက်ဘီးနဲ့ သွားလာနိုင်ပါပြီ" ဟု ပြောသည်။

စားသုံးသူများအတွက် လတ်ဆတ်သော အသားငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိရေးအတွက် တစ်ရွာနှင့် တစ်ရွာ၊ ကျေးရွာမှ မြို့သို့ရောင်းချရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အဓိကပင်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ပါက ဒေသထွက်ကုန်များကို အဆင့်ဆင့်သယ်ယူရ၍ ကုန်ကျစရိတ်များပြားသဖြင့် ဈေးနှုန်းချိုသာစွာ မရောင်းချနိုင်ပေ။

လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုရုံသာမက ကုန်ဈေးနှုန်းကျဆင်းရေးကိုလည်း အကျိုးသက်ရောက်မှုရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## အားကစားပြိုင်ပွဲများ လက်ခံကျင်းပမည့် မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၂၆**

၂၀၁၅ ခုနှစ် ဇူလိုင်လဆန်းမှစတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် အားကစားပြိုင်ပွဲများ ကျင်းပသွားနိုင်ရန်အတွက် အားကစားကွင်း၊ အားကစားရုံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရမြို့နယ်၊ မြစ်သားမြို့နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်များသို့ရောက်ရှိကာ အားကစားကွင်း၊ အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

## ကျောက်စိမ်းစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ညှိနှိုင်းစည်းဝေး

**မန္တလေး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အထက်ဌာပနာပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ ရက်က အဆိုပါစေတီတော်အတွင်းရှိ ခန်းမဆောင်၌ကျင်းပရာတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တက်ရောက်ပြီး လုပ်ငန်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က ဆင်ရွာမြင်းမှူးကျေးရွာရှိ ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အထက် ဌာပနာပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုလုပ်ငန်းအခြေ အနေ၊ အလှူရှင် ဦးစိုးနိုင်က တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ရွှေထီးတော်တင်လှူပူဇော်မည့် အစီအစဉ်များကို အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု လုပ်ငန်းအခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေရောစနကျောက်စိမ်း စေတီတော်မြတ်ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ရွှေထီးတော်တင်လှူပူဇော်နိုင်ရန်အတွက် လုပ်ငန်းများကြိုတင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကြက်ခြေနီအဖွဲ့နှင့် ကင်းထောက်လူငယ်များ နွေရာသီသင်တန်း သီပေါ၌ဖွင့်



**သီပေါ ဧပြီ ၂၆**

နွေရာသီကျောင်းအားလပ်ရက်များအတွင်း အချိန်ကိုအကျိုးရှိစွာအသုံးချတတ် စေရန်နှင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးတက်စေရန်၊ နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါများ၌ ကြက်ခြေနီအဖွဲ့နှင့် ကင်းထောက်လူငယ်များမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းအထောက်အကူပြု ပါဝင်ကူညီနိုင်စေရန်အတွက် ဦးတည် ဖွင့်လှစ်သည့်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များသင်တန်းဖွင့်ပွဲကိုဧပြီ ၂၄ ရက်နံနက် ၉ နာရီကရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဆွေ၊ မြို့နယ်ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာ နန်းရူပဟန်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်တို့က ကြက်ခြေနီနှင့် ကင်းထောက်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကြက်ခြေနီနှင့် ကင်းထောက်အဖွဲ့ အစည်းများသည် လူမှုဝန်ထမ်း သက်သက်သာဖြစ်ကြောင်း ပြောကြားကာ ပန်မြိုင်း (အမက) ကျောင်း အုပ်သင်တန်းမှူး ဦးသန်းလွင်က သင်တန်းသားများ ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များနှင့် သင်တန်းစီမံချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျောက်ကြီးမြို့ အောင်သုခရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုးလမ်းဖောက်လုပ်

**ကျောက်ကြီး ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ အောင်သုခရပ်ကွက် ကိုယ့်အားကိုယ်ကိုးလမ်းဘေးဝဲယာရေနုတ်မြောင်းနှစ်ဖက်ပါဝင်သော မြေသားလမ်းကို မတ်လပထမပတ်မှစတင်ဖောက်လုပ်ခဲ့ပြီး မိုးရာသီအမီပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ကြောင်း သိရသည်။

"အောင်သုခရပ်ကွက် ကွက်သစ်က ၁၉၉၂-၁၉၉၃ ခုနှစ်လောက်ကစတင်ခဲ့တာပါ။ မူလကလယ်မြေတွေပါပဲ၊ လူဦးရေ အိမ်ထောင်စုတွေတိုးပွားလာတော့ ရပ်ကွက်ကိုတိုးချဲ့ခဲ့ရတာပါ၊ အောင်သုခရပ်ကွက်ဟာ ကျောက်ကြီးမြို့မခုနစ်ရပ်ကွက်ထဲမှာပါဝင်ပေမယ့် ရပ်ကွက်အဖြစ်သတ်မှတ်ခံရတာ နောက်အကျဆုံးဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုလည်း ကွာဟကျန်ရစ်ခဲ့ပါတယ်"ဟု အောင်သုခရပ်ကွက်တွင် အခြေစိုက်နေထိုင်လာသူတစ်ဦးက ပြောပြသည်။

"ကွက်သစ်မှာက အိမ်ခြေ ၄၀ ကျော်ရှိပြီး လူဦးရေ ၁၅၀ ကျော် နေထိုင်ကြပါတယ်၊ အခြေခံလက်လုပ်လက်စားသမားများပြီး လိုအပ်ချက်တွေတော့ ရှိနေသေးတာပါပဲ။ မိုးရာသီမှာ ရေဝပ်တယ်။ ခြင်ကိုက်တယ်၊ အဆိုးရွားဆုံးကသွားလာရေးပါပဲ၊ စာသင်ကျောင်းနီးပေမယ့် မိုးများလာပြီဆိုရင် ကလေးတွေကျောင်းတက်ဖို့ အင်မတန်ခက်ခဲပါတယ်။ အခုမြေသားလမ်းပြီးသွားရင်တော့ အဆင်ပြေသွားပါလိမ့်မယ်။ အချိန်မီပြီးဖို့အတွက် သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူတွေဆီက ကူညီပေးဖို့တော့လိုအပ်ပါတယ်"ဟု အောင်သုခရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးကလည်း မြေသားလမ်းဖောက်လုပ်နေမှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

၂၀၁၅ မိုးရာသီမတိုင်မီ အောင်သုခကွက်သစ် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးရေးအတွက် အောင်သုခရပ်ကွက်နေသူများက အချိန်မီဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည့်အကူအညီအတွက် ရယူရန်ရှိနေကြောင်း သိရသည်။

(ဝ၄၅)

# ရွှေပေါက်ကံတံတား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မည်

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်မြို့တွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် လမ်းနှင့်တံတားများ တိုးချဲ့တည်ဆောက်လျက်ရှိရာ ရန်ကုန်မြို့ ရွှေပေါက်ကံနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်ချောင်းကူးတံတား သို့မဟုတ် ရွှေပေါက်ကံတံတား တည်ဆောက်မှုလုပ်ငန်းများမှာ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်အရ သတ်မှတ်လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

"ရွှေပေါက်ကံတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ပါတယ်။ တည်ဆောက်မှုလုပ်ငန်းတွေအနေနဲ့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက် ငွေချထားပေးမှုအပိုင်းအရ လုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးနေပြီဖြစ်လို့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ငွေချထားပေးမှုအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ တံတားတည်ဆောက်ရေးလုပ်ငန်းတွေ အပြီးသတ်လုပ်ကိုင်မှာဖြစ်ပါတယ်" ဟု ရွှေပေါက်ကံ တံတားတည်ဆောက်ရေးလုပ်ငန်း အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းဇော်က ပြောသည်။

ရွှေပေါက်ကံတံတားသည် ရန်ကုန်မြို့ ရွှေပေါက်ကံမြို့ ညောင်ရမ်းလမ်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) ကျန်စစ်သားလမ်းတို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ်တံတား ဖြစ်သည်။ တံတားအရှည်မှာ ၇၉၄ ပေရှိပြီး အကျယ် ၅၆ ပေရှိသော လေးလမ်းသွားတံတားဖြစ်သည်။

ယခု တည်ဆောက်နေသည့် ရွှေပေါက်ကံတံတားမှာ အောက်ခြေ သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် အမျိုးအစားဖြစ်ပြီး အပေါ်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်း လက်ရန်းများနှင့် သံကူကွန်ကရစ်ရက်မ အမျိုးအစားဖြစ်သည်။ ပင်မတံတား ရေလယ်သုံးခန်းမှာ Stell Box Girder ဖြစ်ပြီး ရေလမ်းကြောင်းကင်းလွတ်အမြင့်မှာ ရေအတက်ဆုံးအချိန်တွင် ၁၂ပေရှိသည်။

ရွှေပေါက်ကံတံတားကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကာလအတွင်း အပြီးတည်ဆောက်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

တံတားတည်ဆောက်ပြီးစီးပါက ရွှေပေါက်ကံစက်မှုဇုန်မှ ကုန်ပစ္စည်းများကို ၎င်းတံတားပေါ်မှဖြတ်သန်းကာ သီလဝါဆိပ်ကမ်းသို့ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများ ခရီးသွားလာရာတွင်လည်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည် ဖြစ်သည်။ **သတင်း-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများအတွက် မှတ်တမ်းများထားရှိဆောင်ရွက်နေခြင်းအား သိရှိနိုင်ရန် သတင်းထုတ်ပြန်

ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲအား အစိုးရသစ်လက်ထက်တွင် ခေတ်စနစ်နှင့်လျော်ညီစွာ ၂၄-၁-၂၀၁၃ ရက်နေ့မှစ၍ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်ထုတ်ဝေစာများအား မှတ်တမ်းအဖြစ် ထိန်းသိမ်းထားရှိခြင်း၊ တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်စဉ် စာရင်းပြုစုမှတ်တမ်းထားရှိခြင်းတို့ကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ခံရှိသော စာအုပ်စာစောင်များကို ၁၉၈၄ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ သက်ဆိုင်ရာနှစ်အလိုက် မြန်မာနိုင်ငံအတွင်းထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်ချုပ်စာရင်းစာအုပ် ၂၈ အုပ်ထားရှိပြီး မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။

ယခင်က စာအုပ်စာစောင်များကို မှတ်တမ်းအဖြစ်သိမ်းဆည်းခဲ့ရာ ရေရှည်ထားသိုသိမ်းဆည်းရန် နေရာအခက်အခဲရှိသဖြင့် အရေးကြီးသည်ဟု ယူဆရသော စာအုပ်စာစောင်များကိုသာ ဆက်လက်သိမ်းဆည်းနိုင်ပြီး အများစုမှာ နှစ်ရှည်ဆက်လက်ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့သည့်အတွက် လက်ရှိတွင် နှစ်အဆက်ဆက်မှတ်တမ်းဖြင့် သိမ်းဆည်းထားသော စာအုပ်စာစောင် ၂၅၇၇၂ အုပ်သာရှိပါသည်။ ယခုအခါ အသစ်ပြဋ္ဌာန်းသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ပုံနှိပ်သူနှင့်ထုတ်ဝေသူများမှ ပေးပို့လာသည့် Electronic Document များကိုလည်း ရေရှည်သိမ်းဆည်းမှတ်တမ်းထားရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နှစ်စဉ် တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်၊ စာတမ်းများစာရင်းကိုလည်း ဆက်လက်ပြုစုမှတ်တမ်းထားရှိပြီး ၎င်းစာအုပ်စာရင်းကို လေ့လာလိုသူများအတွက် စီဒီဖြင့် ဖြန့်ဝေပေးနိုင်ရေး ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် နှစ်စဉ် မြန်မာနိုင်ငံအတွင်းထုတ်ဝေခဲ့သော စာအုပ်စာစောင်များနှင့်ပတ်သက်၍ သုတေသနပြုလိုသူများ၊ စာအုပ်စာရင်းပြုစုလိုသူများ၊ မူပိုင်ခွင့်အတွက် အထောက်အထားအဖြစ် လေ့လာအသုံးပြုလိုသူများအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဖုန်း-၀၆၇-၄၁၂၂၄၂၊ ၀၉-၈၆၃၆၆၈၀ သို့ ဆက်သွယ်ပြီး အခမဲ့လေ့လာဖတ်ရှုမှတ်တမ်းပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ပြန်ကြားရေးဝန်ကြီးဌာန)**

# စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျရှုံးကျောင်းသား ကျောင်းသူများ ပြန်လည်ကုစား သင်ကြားမည်

**ရမည်းသင်း ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အဋ္ဌမတန်းစာမေးပွဲတွင် တစ်မြို့နယ်လုံးရှိ အထက်တန်းကျောင်း ကိုးကျောင်း၊ အထက (ခွဲ) ငါးကျောင်း၊ အလက (ခွဲ) ၁၁ ကျောင်းနှင့် အလက နှစ်ကျောင်း စုစုပေါင်း ၂၇ ကျောင်းမှဖြေဆိုရန် စာရင်းပေးကျောင်းသား ကျောင်းသူ ၂၅၆၆ ဦးအနက် လာရောက်ဖြေဆိုသူပေါင်းမှာ ၂၅၃၄ ဦးဖြစ်ကြောင်း သိရသည်။

ဖြေဆိုသူ ၂၅၃၄ ဦးအနက် ၈၃၂ ဦးသာအောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း ၃၂ ဒသမ ၈၃ ဖြစ်သည်။ ကျရှုံးသော ကျောင်းသားကျောင်းသူများသည် ဧပြီ ၂၂ ရက်မှ ၂၉ ရက်အထိ မိမိတို့ကျောင်းများတွင် ကျရှုံးဘာသာရပ်များအား ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက ပြန်လည်ကုစားသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၂၉ ရက်အထိ စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျရှုံးကျောင်းသားကျောင်းသူများသည် ပြန်လည်ကုစား သင်ကြားပြီးနောက် မေ ၁၄ ရက်မှ ၁၆ ရက်အထိ စာမေးပွဲစစ်ဆေးမှုအား အဋ္ဌမတန်းအတွက် တစ်နေ့ နှစ်ဘာသာဖြင့် သုံးရက်ဖြေဆိုကြရမည်ဖြစ်သည်။ စတုတ္ထတန်းအတွက် မေ ၁၄ နှင့် ၁၅ ရက်တို့တွင် တစ်နေ့ နှစ်ဘာသာ၊ မေ ၁၆ ရက် နံနက်ပိုင်းတွင် လူမှုရေးဘာသာဖြေဆိုကြရမည်ဖြစ်ကြောင်း ဧပြီ ၂၂ ရက်က မြို့နယ်ပညာရေးမှူးရုံး(ရမည်းသင်း)တွင် အချိန်စာရင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(၀၁၁)**

# ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများကို ပြည်သူလူထုအကျိုးအတွက် စနစ်တကျစီမံအုပ်ချုပ်လျက်ရှိနေသကဲ့သို့ ဝိသမလောဘသားများ၏ တရားမဝင် သစ်ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများအား အခြားသောဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ် အရေးယူလျက်ရှိသည်။

ဧပြီ ၂၀ ရက်တွင် နေပြည်တော်တိုင်း သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တာ ဝန်ထမ်းများပါဝင်သောအဖွဲ့သည် တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တော အကွက်အမှတ် (VII) အတွင်းမှ ကျွန်းသစ်/ခွဲသားခုနစ်ချောင်း၊ ၁ ဒသမ ၃၂၀ တန်နှင့် အခြားသစ်ကိုးချောင်း ၀ ဒသမ ၈၇၂၄ တန်၊ စုစုပေါင်း ၂ ဒသမ ၁၉၂၄ တန်နှင့် စက်လွှတစ်လုံးအား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ရွှေတောင်မြို့နယ် ဦးစီးဌာနမှူးဦးဆောင်သော သစ်တောဝန်ထမ်းအဖွဲ့မှလည်း ငွေးတောင် မြောင်ကျေးရွာမြောက်ဘက်နေရာမှ တရားမဝင် ကုက္ကိုသစ်နှစ်လုံး ၀ ဒသမ ၁၆ တန်အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဧပြီ ၂၁ ရက်တွင် သာယာဝတီခရိုင် မင်းလှမြို့နယ်ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများသည် မင်းလှမြို့နယ် လက်ဆတ်အုပ်စု စိန်ကန့်လန့်ရွာ အရှေ့မြောက်ဘက်နေရာမှ တရားမဝင်ကျွန်းသစ်ခြောက်လုံး ၀ ဒသမ ၅၄၂၀ တန်အား ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် ရေတာရှည်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများသည် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တော အကွက်အမှတ် (XVII) အတွင်းမှ တရားမဝင်ယမနေသစ် ၁၃ လုံး ၂ ဒသမ ၁၈၂၀ တန် ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဧပြီ ၂၀ ရက်မှ ၂၂ ရက်အထိ ကျွန်း/အခြားသစ် ၅ ဒသမ ၀၇၆၄ တန်အား ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သကြၤန်အလွန် မီးဖိုချောင် ကုန်စည်အများစု ဈေးနှုန်း မြင့်တက်လာ

**ရန်ကုန် ဧပြီ ၂၆**

သင်္ကြန်ပိတ်ရက်ရှည်အပြီး ကုန်စည်အရောင်းအဝယ်ပြုလုပ်ရာတွင် မီးဖိုချောင် ကုန်စည်အများစု ဈေးနှုန်းများမြင့်တက်လာသည်။ သို့သော် ၂၀၁၀ မှ ယနေ့ကာလအထိ အဆိုပါကုန်စည်အများစု၏ အမြင့်ဆုံးဖြစ်ခဲ့သော ဈေးနှုန်းများအထိ ရောက်ရှိမလာသေးကြောင်း သင်္ကြန်မတိုင်မီဈေးနှုန်းများထက် မြင့်တက်လာသဖြင့် စားသုံးသူများ စိုးရိမ်ပူပန်မှုများရှိသည်ဟု လမ်းမတော်မြို့နယ်တွင် အလုပ်လာရောက်လုပ်ကိုင်သူက ဆိုသည်။

ဧပြီ ၂၂ ရက်က ဘုရင့်နောင် ကုန်စည်ပွဲရုံဝင်းအတွင်း ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ်၂၂၈၀-၂၃၀၀ ၊သကြားတစ်ပိဿာ ငွေကျပ် ၉၇၀-၁၀၄၀၊ မြေပဲဆီ တစ်ပိဿာ ငွေကျပ် ၄၃၀၀ ၊ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၂၅- ၄၀၀- ၄၂၅- ၄၅၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၁၂၅၀-၁၄၅၀-၁၆၅၀-၁၈၀၀၊ ဟဲဟိုးအာလူး တစ်ပိဿာ ငွေကျပ် ၅၃၀-၈၇၀-၉၂၀-၉၄၀ ၊ ကုလားပဲခြမ်း တစ်ပိဿာငွေကျပ် ၁၂၇၀ ၊ ဝါးခယ်မငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၆၅၀-၂၇၀၀၊ ညောင်ဦးဆေးခတ် ထန်းလျက် တစ်ပိဿာ ငွေကျပ် ၁၀၂၀၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၁၃၃၅နှုန်းရှိကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ သိရသည်။

သင်္ကြန်အလွန် စားဖိုချောင် သီးနှံအများစုမြင့်တက်လာမှုသည် ကုန်စည်ရောင်းဝယ်သူများအကြား ရောင်းဝယ်မှုအားကောင်းစေသည်။ ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်းသည် ငွေကျပ်၃၉၀၀၊ သကြားတစ်ပိဿာဈေးနှုန်းသည် ငွေကျပ်၁၇၅၀၊ မြေပဲဆီတစ်ပိဿာ ငွေကျပ် ၄၇၀၀ ၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ်၂၀၀၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ်၄၉၀၀ ၊ အာလူးတစ်ပိဿာ ငွေကျပ် ၁၃၀၀၊ ကုလားပဲခြမ်းတစ်ပိဿာ ငွေကျပ် ၁၃၈၀ ၊ဝါးခယ်မငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၃၆၀၀၊ ညောင်ဦးဆေးခတ် ထန်းလျက် တစ်ပိဿာ ငွေကျပ်၁၆၅၀၊ စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၃၀၀၀ထိ ၂၀၁၀ မှ ၂၀၁၁ ခုနှစ်အတွင်း အမြင့်ဆုံးတို့ရောက်ခဲ့သည်။ **ခင်ဆိုင်**

# ရေးမြို့ရှိ တံတားဖြူအနီး ယာဉ်တိုက်မှုဖြစ် လူတစ်ဦးသေဆုံး

**ရေး ဧပြီ ၂၆**

မွန်ပြည်နယ် ရေးမြို့ သီရနန္ဒာရပ်ကွက်တနင်္သာရီလမ်းမကြီးပေါ်ရှိ တံတားဖြူအနီး၌ ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ယာဉ်တိုက်မှုဖြစ်ပွားရာမှ လူတစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကျုံလောင်ရွာသစ်ကျေးရွာဘက်မှ တင်ထွန်းဦး (ခ)ချိုးကောင် (၄၁နှစ်) အောင်မင်္ဂလာရပ် ရေးမြို့နေသူမှာ ဟွန်ဒါ ၁၁၀ အဖြူရောင်ဆိုင်ကယ်မောင်းနှင်လာပြီး တံတားဖြူအနီးသို့အရောက် ယာဉ်မောင်း ဝင်းအောင် (၂၄နှစ်) ရေးမြို့နေသူမောင်းနှင်သည့် ထော်လာဂျီ မြေသယ်ကား၏အရှေ့သို့ မောင်းနှင်ကျော်တတ်စဉ်အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် ယာဉ်ကြောအတွင်းသို့ရောက်ရှိရာမှ တိုက်မိကာ ဆိုင်ကယ်တိမ်းမှောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရေးရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**

# မိတ္ထီလာကန်ကူးတံတားသစ်ကို ဇွန်လတွင်ပြီးစီးအောင်တည်ဆောက်သွားမည်

**မိတ္ထီလာ ဧပြီ ၂၆**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်ရှိ မိတ္ထီလာကန်ကူးတံတားသစ်တည်ဆောက်မှုလုပ်ငန်းများကို ဇွန်လတွင် ပြီးစီးအောင်တည်ဆောက်သွားမည်ဟု ခန့်မှန်းထားကြောင်း တာဝန်ယူတည်ဆောက်လျက်ရှိသည့် တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၁၄) မှ ဦးသန်းလင်း လက်ထောက်အင်ဂျင်နီယာမှူးထံမှ သိရသည်။

"မိတ္ထီလာကန်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းတွေကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ချင်ပေမယ့် နေ့စဉ်ဖြတ်သန်းသွားလာနေတဲ့ မော်တော်ယာဉ်တွေနဲ့ လမ်းသွားလမ်းလာတွေကြောင့် လုပ်ငန်းကို တွင်ကျယ်အောင်လုပ်လို့မရဘူးဖြစ်နေတယ်။ စက်ကြီးတွေ ကရိန်းတွေအသုံးပြုတဲ့အခါမှာ မဖြစ်မနေ ဒီတံတားဟောင်းပေါ်ကဖြတ်သန်းသွားလာသူတွေကြောင့် ကပ်လျက်တည်ဆောက်နေတဲ့ တံတားသစ်တည်ဆောက်ရေးလုပ်ငန်းကို လွတ်လွတ်လပ်လပ်လုပ်လို့မရဘူးဖြစ်နေတယ်။ ဒါကြောင့် တည်ဆောက်ပြီးစီးမယ့်အချိန်ကို ဇွန်လမှာ ပြီးစီးမယ်လို့တော့ ခန့်မှန်းထားပါတယ်။ နေ့စဉ် ပညာရှင်အင်ဂျင်နီယာ ကိုးဦး ၊လုပ်သား ၁၂၀ ခန့်နဲ့ တံတားသစ်တည်ဆောက်ရေးလုပ်ငန်းတွေ အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်နေပါတယ် "ဟု ၎င်းက ပြောသည်။

မိတ္ထီလာကန်ကူးတံတားဟောင်းမှာ အရှည်အလျား ပေ ၂၀၀ (ကန်အနောက် ဘက် ချဉ်းကပ်လမ်း ပေ ၆၀၀ကျော် အပါအဝင် ပေ ၈၀၀ ကျော်)၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် ၃ ပေစီ ပါရှိပြီး ယခုကန်ကူးတံတားသစ်တည်ဆောက်ပြီးစီးပါက အလျားပေ ၂၀၀(ကန်အနောက်ဘက် ချဉ်းကပ်လမ်း ပေ ၆၀၀ကျော်အပါအဝင် ပေ ၈၀၀ ကျော်)၊ အကျယ် ၄၈ ပေ၊ လူသွားလမ်းတစ်ဖက် ၆ ပေစီ ပါဝင်မည်ဖြစ်သည်။


တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောက်ရွက်နေစဉ်။

မိတ္ထီလာကန်ကူးတံတားဟောင်းပေါ်မှတစ်ဆင့် နေပြည်တော်၊ တောင်ကြီး၊ မန္တလေး၊ ကျောက်ပန်းတောင်း၊ ပုဂံ-ညောင်ဦး စသည့် မြို့ကြီးများသို့ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများ နေ့စဉ်ဖြတ်သန်းသွားလာနေသည့်အပြင် မိတ္ထီလာကန် အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဆက်စပ်တည်ရှိရာ ကန်ကူးတံတားပေါ်မှ ဒေသခံများသည်လည်း မဖြစ်မနေ နေ့စဉ်လူနေမှုဘဝအတွက် သွားလာလှုပ်ရှားနေကြရသည်။ အထူးသဖြင့် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အများအပြားဖြတ်သန်းသွားလာရသကဲ့သို့ ရုံးဆင်းရုံးတက် ဝန်ထမ်းများသည်လည်း ကန်ကူးတံတားပေါ်မှဖြတ်သန်းသွားလာရဖြင့် ကန်ကူးတံတားဟောင်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ်မဖြစ်အောင် အစဉ်တစိုက် ဂရုပြုဖြတ်သန်းမောင်းနှင်သွားလာနေကြရသည်။

ထို့ကြောင့် မိတ္ထီလာကန်ကူးတံတားအသစ်တစ်စင်းတည်ဆောက်ရေးအတွက် ဒေသခံပြည်သူများက လိုလားဆန္ဒရှိသဖြင့် တိုင်းဒေသကြီးလွှတ်တော်၊ အမျိုးသားလွှတ်တော်များမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့သည်။ ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုအစိုးရ၏ ၂၀၁၄-၂၀၁၅ ခွင့်ပြုငွေကျပ်သန်း ၂၀၀ ဖြင့် ကန်ကူးတံတားသစ်တစ်စင်းကို လက်ရှိ ကန်ကူးတံတားဟောင်း၏ တောင်ဘက်ကပ်လျက်တည်ဆောက်ခွင့်ပြုခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ငန်းအထူးအဖွဲ့(၁၄) က တာဝန်ယူတည်ဆောက်ခဲ့သည်။

ထို့နောက် မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၁၀၀၀ ခွင့်ပြုချထားပေးခဲ့သည်။ ယခုအခါ မိတ္ထီလာကန်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းများမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

"ကန်ကူးတံတားဟောင်းပေါ်ကနေပဲ ကျောင်းဆင်း ကျောင်းတက်၊ ရုံးဆင်းရုံးတက်ချိန်တွေဆို မဖြစ်မနေဖြတ်သန်းသွားလာရတယ်။ မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်တွေနဲ့ ကျောင်းသား ကျောင်းသူများကိုလိုက်ပို့တဲ့ မော်တော်ဆိုင်ကယ်တွေ အများအပြားနဲ့ တံတားပေါ်မှာ ရှုပ်ထွေးနေတတ်တယ်။ သက်ဆိုင်ရာယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက လာရောက်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဒါပေမယ့် မော်တော်ယာဉ်ကြီး၊ မော်တော်ယာဉ်ငယ်တွေ၊ မော်တော်ဆိုင်ကယ်တွေက ရာချီထောင်ချီ ဖြတ်သန်းတဲ့အချိန်ဆိုတော့ ကိုယ်ကိုယ်တိုင် ပိုပြီးဂရုစိုက်ဖြတ်သန်းသွားလာရတယ်။ အခု တံတားသစ်တည်ဆောက်ပြီးစီးသွားရင်တော့ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ယာဉ်အန္တရာယ်ကင်းကင်းရှင်းရှင်း ဖြတ်သန်းသွားလာနိုင်ပါပြီ"ဟု ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေတာရှည်မြို့ရှိ သမိုင်းဝင်မင်္ဂလာကန်တော်ကြီး နုန်းအမှိုက်များ စုပေါင်းဆယ်ယူ

**ရေတာရှည် ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင်မင်္ဂလာကန်တော်ကြီးသည် နှစ်ပေါင်းကြာမြင့်လာသည်နှင့်အမျှ နုန်းအမှိုက်များ ပိုမိုများပြားလာလျက်ရှိရာ ဧပြီ ၂၅ ရက် နံနက်ပိုင်း ၇ နာရီခွဲက နယ်မြေခံတပ်ရင်းအသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ စက်ယန္တရားများဖြင့် ဆယ်ယူခဲ့ကြကြောင်း သိရသည်။



မင်္ဂလာကန်ကြီး နုန်းစုပေါင်းဆယ်ယူကြရာတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ကျော်ဇောနှင့် တပ်မတော်အရာရှိကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်း၊ မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းနှင့် တာဝန်ရှိသူများ မြို့မိမြို့ဖများကြည့်ရှုအားပေးသည်။ ကန်အတွင်းမှ နုန်းအမှိုက်များ ဆယ်ယူရာတွင် ဆည်မြောင်းဦးစီးဌာနမှ ဘက်ဟိုးယာဉ်တစ်စီး၊ မြေသယ်ယာဉ်သုံးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ကိုလွင်(ဆွာ)**

# ပုလဲမြို့နယ်၌ အခြေခံမဲစာရင်းပြုစုခြင်းလုပ်ငန်း ပြီးစီး

**ပုလဲ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းများဖြစ်သည့် မဲဆန္ဒရှင် ပြည်သူစာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် အခြေခံမဲစာရင်းပြုစုထိန်းသိမ်းထည့်သွင်းခြင်းကို ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းကြည်က "ပုလဲမြို့နယ်ရပ်ကွက်နှစ်ခုက ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ လူဦးရေ တစ်သိန်းတစ်သောင်းကျော်ကို ကွန်ပျူတာနဲ့ အခြေခံစာရင်းပြုစုထည့်သွင်းထားတာ ဖြစ်ပါတယ်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်တွေရဲ့ကြီးကြပ်မှု၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ဒုတိယဦးစီးမှူး ဒေါ်နွေစုအောင်ရဲ့ ဦးဆောင်မှု၊ ပညာရေးဌာနနဲ့ ဌာနဆိုင်ရာများမှ ကွန်ပျူတာကျွမ်းကျင်သူ ၁၄ ဦးနဲ့အတူ ကွန်ပျူတာ ၁၀ လုံးနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ မဲစာရင်းမှန်ကန်မှုရှိအောင် ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## သတင်းတို

### မြိုင်မြို့ရှိ အချုပ်ခန်းများ၌ ကျန်းမာရေးစစ်ဆေး

မြိုင်မြို့ရဲစခန်းအတွင်း အချုပ်ကျသူများ၏ကျန်းမာရေးနှင့် အမှုအကြောင်းအရာများကို ခရိုင်တရားသူကြီးနှင့်အဖွဲ့ ဧပြီ၂၅ ရက်က စစ်ဆေးခဲ့ရာ အချုပ်သား အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ ကျန်းမာရေးအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်မှုကို ကူညီမည်ဖြစ်ကြောင်း ခရိုင်တရားသူကြီးက ပြောသည်။

အချုပ်ခန်း စစ်ဆေးရာတွင် အချုပ်ခန်းများသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးတို့ကို စစ်ဆေးခဲ့ကြသည်။

**စိန်မြိုင်(မြိုင်)**

# ဖျာပုံမြို့၌ နွေရာသီ ပန်းချီပညာသင်တန်းဖွင့်

**ဖျာပုံ ဧပြီ ၂၆**

မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဖျာပုံ)မှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ ပန်းချီအခြေခံသင်တန်းကို မတ်လနောက်ဆုံးပတ်မှစ၍ ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပန်းချီဝါသနာရှင် ၇၅ ဦးခန့် သင်ယူလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံပန်းချီ၊ ပန်းပု အစည်းအရုံး(ဖျာပုံ)ဝင် ပန်းချီကျောင်းဆင်း ဆရာနှစ်ဦးကဦးစီးလျက် အစည်းအရုံးဝင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် စနစ်တကျ သင်ကြားပေးလျက်ရှိပြီး သင်တန်းဝင်ကြေးလုံးဝမယူဘဲ အခမဲ့သင်ကြားပေးခြင်းဖြစ်ကြောင်း ဖျာပုံမြို့ ပန်းချီ၊ ပန်းပုအစည်းအရုံး အတွင်းရေးမှူး ဦးမျိုးလွင်က ပြောကြားသည်။

" သင်တန်းအပြီးမှာ သင်တန်းသားတွေရဲ့ အရည်အသွေးတွေကို အကဲဖြတ်နိုင်ဖို့အတွက် ပန်းချီပြိုင်ပွဲ ပြုလုပ်ပေးပါမယ်။ သင်တန်းဆင်းတဲ့နေ့မှာ ပြိုင်ပွဲဝင် လက်ရာတွေနဲ့အတူ သင်တန်းသား သင်တန်းသူအားလုံးရဲ့ ပန်းချီလက်ရာတွေပြသမယ့် သင်တန်းဆင်း လက်ရာပြပွဲကိုလည်း ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဦးမျိုးလွင်က ပြောပြသည်။

**သူဇာနွယ်(ဖျာပုံ)**

# လျှပ်စစ်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သန်လျင်၌ သရုပ်ပြလေ့ကျင့်

**ရန်ကုန် ဧပြီ ၂၆**

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှကျင်းပသော လျှပ်စစ်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ပွဲကို ဧပြီ ၂၅ နံနက် ၁၀ နာရီက သန်လျင်မြို့မရဲစခန်း၌ ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးလွင်မင်းပိုင်နှင့်တပ်ဖွဲ့ဝင်များက ရဲတပ်ဖွဲ့ဝင် ၄၆ ဦး၊ တပ်ဖွဲ့မိသားစုဝင် အမျိုးသမီး ၃၈ ဦးတို့အား မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ ဆောင်ရွက်ပြီး တပ်ဖွဲ့နေအိမ်လိုင်းခန်းများသို့သွားရောက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်ဦး၊ မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများက မီးဘေးနှင့် လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# အားနည်းသူတွေ နေရေးအတွက် တရားဓမ္မအရိပ်အောက်က စေတနာရွာနှစ်ရွာ

**သတင်းဆောင်းပါး - ခင်လေးမြင့်အောင်**
**ဓာတ်ပုံ - ဆောင်းနွေမိုး**

**ရန်ကုန် မေ ၂၆**

စီတန်းနေသော အိမ်စုကလေးများ တစ်မျှော်တစ်ခေါ်ရှိကြသည်။ တစ်အိမ်နှင့်တစ်အိမ် နီးကပ်သည်ဟု ထင်မြင်မိသော်လည်း နံနက်ခင်းအလှုပျက်လောက်အောင် ဆူညံမှုမရှိ။ ကလေးငယ်တချို့ စုပေါင်းကာ သစ်ပင်ရိပ်တွင်ဆော့ကစားနေကြသည်။ ထိုရွာတွင် လူဦးရေ ၂၅၀၀ ကျော် နေထိုင်ကြသည်။ သို့သော် ရတနာသုံးပါး၏ အဆုံးအမအောက်တွင်ရှိခြင်းကြောင့် လွန်စွာအေးချမ်းသည်ကို သတိပြုမိသည်။ နေရာမှာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်မှ စေတနာရွာပင်ဖြစ်သည်။

ရန်ကုန်မြို့သည် နိုင်ငံ့စီးပွားရေးမြို့ပြကြီး ဖြစ်လာသောအခါ အလုပ်အကိုင်၊ အခွင့်အလမ်းအတွက် ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့လုပ်ကိုင်ကြရာမှ ရန်ကုန်တိုင်းဒေသကြီး၏ ၁ စတုရန်းကီလိုမီတာတွင် နေထိုင်သူဦးရေမှာ ၇၂၃ ဦးအထိ မြင့်တက်လာပြီး ၂၀၁၄ ခုနှစ်ချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထုတ်ပြန်သည့်စာရင်းအရ လူဦးရေ ၇၃ သိန်းမှာ ရန်ကုန်တိုင်းဒေသကြီးတွင်သာ နေထိုင်ကြသဖြင့် တစ်အိုးတစ်အိမ် ပိုင်ဆိုင်ခွင့်ရရန်မှာ အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိသည်။

"အိမ်ရာအတွက် စိတ်ဒုက္ခခံစားနေရသူတွေကို တစ်နိုင်တစ်ပိုင် ထောက်ပံ့ပေးတဲ့သဘောဖြစ်ပါတယ်။ စားရေးနဲ့ဝတ်ရေးကို ကြိုးစားဖြည့်စွမ်းကြပါ။ ဘုန်းကြီးက နေရေးကို တတ်နိုင်သလောက် ကူညီပေးမယ်ဆိုပြီး သန်လျင်က ဘုန်းဘုန်းရဲ့ သဘာဝတရားရိပ်သာ မြေနေရာထဲကနေ စတင်ပေးခဲ့တယ်။ နောက်ပိုင်းမှာ စေတနာရှင်တွေရဲ့ဆန္ဒကုသိုလ်တွေကြောင့် တိုးပွားလာလိုက်တာ အခုဆိုရင် သန်လျင်စေတနာရွာအပြင် လှည်းကူးမြို့နယ် စေတနာဓမ္မရွာ တည်ဆောက်မှု အတော်ပြီးစီးသွားပါပြီ"ဟု သန်လျင်သဘာဝတရားရိပ်သာ၏ ဆရာတော် ဦးဥတ္တမသာရက မိန့်ကြားသည်။



**သန်လျင်သဘာဝတရားရိပ်သာတွင် ဆရာတော်၏မေတ္တာနှင့် အလှူရှင်များ၏ သဒ္ဓါတရားတို့ဖြင့် ဤကဲ့သို့ အေးချမ်းစွာ နေထိုင်ကြရသည်။**

သန်လျင် သဘာဝတရားရိပ်သာကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နောက်ပိုင်းတွင် အကျယ်အဝန်း ဧက ၅၀ ကျော်၌ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ ရဟန်း၊ သီလရှင်၊ ယောဂီနှင့် သက်ကြီးရွယ်အိုများ၊ ခိုကိုးရာမဲ့ ကျန်းမာရေးအားနည်းကြသူများ၊ ခိုကိုးရာမဲ့ ကလေးငယ်များ စုစုပေါင်း ၂၄၀၀ ကျော်ကို လက်ခံနေရာချထားပေးနေပြီး ယင်းမြေနှင့်တစ်ဆက်တည်း မြေဧက ၂၀ ကျော်ရှိသည့် စေတနာရွာတွင်မူ လူမျိုးဘာသာမရွေး မိသားစု ၂၅၀၀ ကျော် နေထိုင်လျက်ရှိကြသည်။

"သန်လျင်စေတနာရွာမှာ နေထိုင်လိုသူတွေက အလွန်များလာပါတယ်။ ဆရာတော်အနေနဲ့လည်း နေရာချဲ့ထွင်ဖို့ ကြိုးပမ်းသော်လည်း အခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါကြောင့် လှည်းကူးမြို့နယ် သစ်နီပင်ကျေးရွာအနီးမှာ ပြီးခဲ့တဲ့နှစ် ဇွန်လကစတင်ပြီး အိမ်ခြေ ၅၀၀ ကျော်ပါဝင်တဲ့ စေတနာ ဓမ္မရွာကို စတင်တည်ထောင်နေပါတယ်။ ၂၀၁၆ ခုနှစ်မှာ အချောသပ်နိုင်မယ်လို့မျှော်လင့်ပါတယ်။ တရားရိပ်သာတွေ၊ ဓမ္မာရုံတွေအပြင် ကျေးရွာတစ်ရွာရဲ့ လိုအပ်တဲ့အသွင်အပြင်တွေ၊ ရေကောင်းရေသန့်ရရှိရေးနဲ့ သန့်စင်ခန်းတည်ဆောက်မှုတွေလုပ်ဆောင်နေပါတယ်။ လက်ရှိမှာ လူဦးရေ ၃၀၀ ကျော် စတင်နေထိုင်နေပြီး အိမ်ခြေ ၁၅၀ တည်ဆောက်ပြီးစီးနေပါပြီ။ မြေဧက ၁၅၀ ပေါ်မှာ ပေ ၂၀နဲ့ ပေ ၃၀ ပတ်လည် အိမ်ခြေ ၅၀၀ အထိ တည်ဆောက်သွားမယ်"ဟု ဆရာတော်၏ကပ္ပိယ ရိပ်သာအတွင်းရေးမှူး ဦးအောင်သန်းဌေးက ပြောသည်။

ဆရာတော်၏ ကြိုးစားအားထုတ်မှုနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၏ အကူအညီပေးမှုကြောင့် ရွာသဏ္ဌာန် ပိုမိုသရုပ်ပေါ်ပြင်လာခဲ့ပြီး ဆရာတော်က တရားဓမ္မအားထုတ်မှုပိုင်းဆိုင်ရာများကိုလည်း မိသားစုများကို သင်ကြားပြသပေးကြောင်းသိရသည်။

"မိသားစုတွေက များလာတဲ့အတွက် ဘာသာတရားအဆုံးအမကို အခြေခံပြီး ထိန်းသိမ်းရပါတယ်။ ခိုကိုးရာမဲ့တွေနဲ့ အိုးအိမ်အခက်အခဲရှိသူတွေအနေနဲ့ တရားထိုင်တာ၊ တရားနာတာတွေကို လုပ်ဆောင်ကြရပါတယ်။ ဒါကလည်း ဘာသာမရွေးလက်ခံနိုင်တဲ့ သင်ကြားပြသမှုတွေဖြစ်တာကြောင့် အားလုံးလိုက်နာကြရင် အကောင်းဆုံးပါပဲ။ အိမ်ထောင်စုတွေများလာလေ ပြဿနာတွေလည်း ရှိလာလေဆိုတော့ မိမိတို့ရဲ့ စိတ်အခြေခံမှာ သူတော်ကောင်းတရားတွေ နှလုံးသွင်းထားတတ်ဖို့ အမြဲကြိုးစားနေပါ တယ်။ သန်လျင်သဘာဝတရားရိပ်သာက စေတနာ ရွာမှာလိုပဲ လှည်းကူးစေတနာဓမ္မရွာမှာလည်း ဆောင်ရွက်နေပါတယ်"ဟု ဆရာတော်က မိန့်ကြားသည်။

**(မြန်မာ့အလင်း)**

**အမည်ပြောင်း**
ဦးညီထွေးနိုင်၏ သား အမက(၃) မှုလွန် (တောင်ဒဂုံ)၊ ဒုတိယတန်း(E)မှ မောင်လှမ်းထက်နိုင်အား မောင်ရဲရင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ပျောက်ဆုံးကြောင်း**
ကျွန်မ မနန်းမို့မို့အောင် ၁၃/တကန(နိုင်)၂၄၅၆၃၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၂၁၀၅၃၅

Since 1996
**ဆရာဝန်များ ဦးစီးသည့်**
(၅တန်း မှ ၁၀တန်း)
**စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း**
၂၀၁၃–၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)
မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနိုပ် မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက်လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း၊ ကွန်ပျူတာခန်း၊ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ (သင့်တင့်ချိုသာသောသင်တန်းကြေး)
(၉)တန်းအထူးအစီအစဉ် စာတော်လျှင် (၀)နှစ်ဝက်(၉)တန်းအပြီး သင်ပေးပြီး (ဒု)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။
အမှတ် (၇၇)၊ ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၅၀



ကျောင်းခွဲမရှိပါ
ဘွဲ့ရအဆောင်မှူး(Guide)အလိုရှိသည်

FAME **HerbalSleep®**
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1114)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **HerbalFresh®**
Mental refreshment
စိတ်မြှင့်ဆေး
TMR 011255 (1114)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှုစွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(တနယ်ငင်း) ၀၁၇/၀၃၁၅
**ဖျံ-၅-ကောင်** အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၉၉၄

**ဝက်ခြံနဲ့ အမာရွတ်တွေအတွက် စိတ်ညစ်မနေပါနဲ့**
■ ဝက်ခြံကုသမှု အစီအစဉ်များ...
■ ဝက်ခြံအမာရွတ် ကုသမှု...
■ တင်းတိပ်၊ မှဲ့ခြောက် ကုသမှု...
■ မျက်နှာအရေးအကြောင်း ကုသမှု...
■ အသားဖြူဝင်းခြင်းအတွက် ကုသမှု...
**မြင့်အင်ဆန်း**
**အရေပြားနှင့် အလှအပဆေးခန်း**
အမှတ်–၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ပွိုင့်ရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်။
ဖုန်း–၃၈၂၂၄၇၊ ၂၅၆၀၄၅
**အရေပြားအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် ကုသပေးပါသည်။**
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

ပညာရေးဝန်ကြီးဌာန၏ မှတ်ပုံတင်အမှတ် (တက–၁၃/၄၀/၁၀၂)
**ထွန်း ကိုယ်ပိုင်အထက်တန်းကျောင်း**
**BRIGHT TUN**
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
၂၀၁၅–၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
**အလယ်တန်း၊အထက်တန်းဘော်ဒါလက်ခံသည်၊**
အသေးစိတ်အချက်အလက်များကို ကျောင်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။
ခြံအမှတ် – (5B)၊ ခိုင်ရွှေဝါလမ်း(ရန်ကုန်–အင်းစိန်လမ်းမ)၊
(၁)ရပ်ကွက် ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။
ph 09-5141139 ,09-5202597, 01-503607 ,01-504012



## ဂျူဗင်တပ်စ်အသင်း လျှော့တွက်လို့မရ

ဂျူဗင်တပ်စ်အသင်းကို လျှော့တွက်လို့မရပါဘူး။ အနိုင်ရလိုမှု ပြင်းထန်တဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတဲ့အပြင် ဂိုးသွင်းသေချာသူတွေလည်း ပါဝင်နေတာမို့ ဖိဖိစီးစီးကစားသွားရမှာဖြစ်ပါတယ်ဟု ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် ဆုံတွေ့ရမည့် ရီးရဲမက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက ပြောသည်။

အန်ဆယ်လော့တီသည် ဂျူဗင်တပ်စ်အသင်းကို နှစ်နှစ်ကြာမျှ နည်းပြတာဝန်ယူခဲ့သူဖြစ်ရာ ဂျူဗင်တပ်စ်အသင်းအကြောင်းကို ကောင်းစွာ သိရှိထားသူဖြစ်သည်။ ဂျူဗင်တပ်စ်ကစားသမားများ၏ လက်ရှိစွမ်းဆောင်မှုမှာ အကောင်းဆုံးအနေအထားသို့ ရောက်ရှိနေသည်။

ရီးရဲမက်ဒရစ် အသင်းကလည်း ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလားရယူရေး အိပ်မက်ကို တဖြည်းဖြည်းအကောင်အထည်ပေါ်အောင် အားထည့်နေပြီး ယခုအကြိုဗိုလ်လုပွဲတွင်လည်း ဂျူဗင်တပ်စ်အသင်းကို ကျော်ဖြတ်နိုင်မည်ဟု ယူဆထားသည်။

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များကို မေ ၅ ရက်နှင့် ၆ ရက်များတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဒုတိယအကျော့ပွဲစဉ် ဆက်လက်ယှဉ်ပြိုင်ကစားကာ နောက်ဆုံးဗိုလ်လုပွဲကို ဘာလင်မြို့ အိုလံပစ်အားကစားကွင်း၌ ဇွန် ၆ ရက်တွင် ဆင်နွှဲမည်ဖြစ်သည်။

# ဗိုလ်လုပွဲတက်ဦးမယ့် ဘိုင်ယန်



➤ **မိုးမြင့်လင်းလက်**

ဂျာမနီမြေက ဂျာမန်ပိုကယ်ဖလားအကြိုဗိုလ်လုပွဲကိုတော့ ဧပြီ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာ ယှဉ်ပြိုင်ကစားပါတော့မယ်။ အဓိကပြိုင်ဘက်တွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်နဲ့ဒေါ့မွန်ရဲ့ပွဲက စိတ်ဝင်စားစရာကောင်းပေမယ့် အာမေးနီးယားနဲ့ ဝုဖ်ဘတ်တို့ပွဲက ပိုပြီးစိတ်လှုပ်ရှားစရာဖြစ်မှာပါ။ ဖလားသုံးလုံးလမ်းကြောင်းပေါ်ရောက်နေတဲ့ ဘိုင်ယန်မြူးနစ်၊ ဒီနှစ်မှာ ဂျာမန်ပိုကယ်ဖလားကို မျှော်မှန်းနေတဲ့ ဝုဖ်ဘတ်တို့ရဲ့ ပြင်းထန်တဲ့ ရင်ဆိုင်မှုတွေကို အားပေးကြရဦးမှာဖြစ်ပါတယ်။

**ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်**

နည်းပြ ဂါဂင်ကလော့ပ်ရဲ့ ဒေါ့မွန်အတွက်တော့ ဘိုင်ယန်မြူးနစ်ကွင်းမှာ ကြမ်းတမ်းပင်ပန်းစွာ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ ပေါ်တိုအသင်းကို ဂိုး ၃ ဂိုး ၆ ဂိုး ၁ ဂိုးဖြင့် ဝက်သွင်းပြီး ခြေစွမ်းပြခဲ့တဲ့ ဘိုင်ယန်မြူးနစ်ကို ဒေါ့မွန်တို့ ခြေရည်တူကစားဖို့တောင် လက်ရှိခြေစွမ်းအရ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ဒေါ့မွန်တို့ဟာ ဘိုင်ယန်မြူးနစ်နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဒေါ့မွန်တို့ နှစ်ဂိုးပြတ်နိုင်ပွဲ ရထားတာရှိပါတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ ဒေါ့မွန်ရဲ့ခြေစွမ်းက အတက်အကျရှိနေပြီး ယုံကြည်လို့မရတဲ့ အနေအထားမျိုး ရှိပေမယ့် အူဘာမီလန်နဲ့ အမ်မိုဘီလီတို့က ကြုံသလိုဂိုးသွင်းနိုင်သူတွေဖြစ်တာမို့ ဘိုင်ယန်မြူးနစ်တို့ ပေါ့ဆလို့မရပါဘူး။ ဘိုင်ယန်မြူးနစ်ဟာ လက်ရှိချန်ပီယံအဖြစ် ကာကွယ်ဖို့အတွက် ခြေစွမ်းကအကောင်းဆုံးပုံစံရရှိနေတဲ့အပြင် ဒဏ်ရာသက်သာပြီး ပြန်လည်ကစားနိုင်မယ့် ရော်ဘင်နဲ့ မာတီနက်ဇ်တို့ ထည့်သွင်းကစားနိုင်ရင်တော့ ရုပ်လုံးကြွလာမယ့် ဘိုင်ယန်မြူးနစ်ကို ဒေါ့မွန်ခံစစ်ကြောင်း ထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်မှာ ဒေးဗစ်အလာဘာက ဂျာမန်ပိုကယ်ဖလားပွဲစဉ်တွေမှာ ခြေစွမ်းပြနေသလို ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ တိုက်စစ်မှူးတွေအများအပြား ရှိနေပါတယ်။ ဂျာမန်ပိုကယ်ဖလားကို လက်ရှိခြေစွမ်းအရ မျှော်မှန်းလို့ မရနိုင်တဲ့ ဒေါ့မွန်တို့အတွက် ဘိုင်ယန်မြူးနစ်ကို ဂိုးမပြတ်အောင်သာ ခုခံပြင်ဆင်ရမယ့် အနေအထားကလွဲပြီး တခြားမျှော်လင့်ချက်မရှိနိုင်ပါဘူး။

**အာမေးနီးယားနှင့် ဝုဖ်ဘတ်**

ယူရိုပါလိဂ်က ထွက်ခဲ့ရပြီဖြစ်တဲ့ ဝုဖ်ဘတ်တို့အတွက် ဘွန်ဒက်လီဂါမှာလည်း ဖလားရယူရေးအခြေအနေမကောင်းတာမို့ ဂျာမန်ပိုကယ်ဖလားကို အာရုံစိုက်နေပြီဖြစ်ပါတယ်။ ဝုဖ်ဘတ်တို့က ဒီနှစ်မှာခြေစွမ်းကောင်းမွန်နေပေမယ့် ဖလားလက်မဲ့မဖြစ်ဖို့အတွက် အခုအကြိုဗိုလ်လုပွဲမှာ အာမေးနီးယားကို ဂိုးပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဝုဖ်ဘတ်ရဲ့ လက်ရှိဖြတ်ကျော်မှုကို ကြည့်ရင် ကွာတားဖိုင်နယ်မှာ ရုန်းကန်ခဲ့ရပေမယ့် တိုက်စစ်၊ ခံစစ်မျှတဲ့အသင်းဖြစ်ပါတယ်။ ဂျာမန်တတိယတန်းမှာ ထိပ်ဆုံးကရပ်တည်နေတဲ့ အာမေးနီးယားအသင်းကတော့ ဘီလီဖီးကို ကွာတားဖိုင်နယ်မှာ ပင်နယ်တီအဆုံးအဖြတ်နဲ့ ကျော်ဖြတ်တက်ရောက်လာခဲ့တာဖြစ်ပေမယ့် ခြေစွာတဲ့ကစားသမားတွေ ပိုင်ဆိုင်ထားပါတယ်။ ဝုဖ်ဘတ်ကို ခုခံကစားဖို့ သေသေချာချာပြင်ဆင်ထားတဲ့ အာမေးနီးယားကို ဝုဖ်ဘတ်တို့ ပေါ့ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ ဒီပွဲမှာ ဝုဖ်ဘတ်တို့ နိုင်ပွဲရရင်တောင် ကပ်ပြီးနိုင်မှာဖြစ်တာမို့ အကြိတ်အနယ်ကစားရမယ့်ပွဲပါ။ ။

**ဂျာမန်ပိုကယ်ဖလားကို လက်ရှိခြေစွမ်းအရ မျှော်မှန်းလို့ မရနိုင်တဲ့ ဒေါ့မွန်တို့အတွက် ဘိုင်ယန်မြူးနစ်ကို ဂိုးမပြတ်အောင်သာ ခုခံပြင်ဆင်ရမယ့် အနေအထားကလွဲပြီး တခြားမျှော်လင့်ချက်မရှိနိုင်ပါဘူး။**

## တပည့်ဟောင်းတွေနဲ့ ဆုံစည်းခွင့်ရသွားတဲ့ ဂွာဒီယိုလာ

ဂွာဒီယိုလာဟာ ဘာစီလိုနာအသင်းနဲ့အတူ အချိန်ကြာမြင့်စွာ အောင်မြင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ ဘာစီလိုနာကစားသမားအများစုနဲ့ နှစ်များစွာ အလုပ်လုပ်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ ဘိုင်ယန်မြူးနစ် နည်းပြဖြစ်နေတဲ့ ဂွာဒီယိုလာဟာ တပည့်ဟောင်းတွေနဲ့ ပြန်လည်ဆုံစည်းရတော့မှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်မှာ ဘိုင်ယန်မြူးနစ်နဲ့ ဘာစီလိုနာတို့ ကစားကြမှာဖြစ်ပါတယ်။ ဒီအချိန်မှာ တပည့်ဟောင်းတွေဖြစ်တဲ့ မက်ဆီ၊ ဇာဗီ၊ အင်နီယေစတာ၊ နေမာစတဲ့ ကစားသမားတွေနဲ့ ပြန်လည်ဆုံဆည်းနိုင်တော့မှာ ဖြစ်ပါတယ်။




ဘာစီလိုနာအသင်းနဲ့ အတူ အောင်မြင်မှုစတင်ခဲ့တဲ့ ဂွာဒီယိုလာဟာ အမှတ်တရများ ရှိနေဆဲဖြစ်မှာပါ။ သူဟာ ၂၀၀၇ ခုနှစ်က ဘာစီလိုနာအသင်းရဲ့ အရန်အသင်းမှာ နည်းပြဖြစ်လာခဲ့ပြီးနောက် နှစ်နှစ်အကြာမှာ ဖရန့်ရစ်ကတ်ရဲ့ အသင်းကြီးကို ဆက်ခံခဲ့တဲ့နည်းပြ ဖြစ်လာခဲ့ပါတယ်။ ဂွာဒီယိုလာဟာ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လာလီဂါဖလားများနဲ့ ချန်ပီယံလိဂ်ဖလားနှစ်လုံးအပါအဝင် ဘာစီလိုနာနဲ့အတူ ဖလား ၁၄ လုံးအထိ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ သူ့ရဲ့အောင်မြင်မှုတွေဟာ ဘာစီလိုနာနဲ့ စတင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာစီလိုနာမှာ အနေကြာခဲ့တဲ့ ဂွာဒီယိုလာဟာ ကစားသမားဟောင်းတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတာတော့ အတော်လေးစိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

## ဂိုးသမား ဒေဂီယာကို တစ်ပတ်ပေါင်နှစ်သိန်းပေးခေါ်ပြီ



လူငယ် အကောင်းဆုံး ဘောလုံးသမားဆုဆန်ခါတင် စာရင်းမှာပါဝင်လာတဲ့ ဂိုးသမားဒေဂီယာကို မန်ယူက ငွေပိုအောပြီး စာချုပ်ဖို့ ကမ်းလှမ်းလိုက်ပြီ ဖြစ်ပါတယ်။ ဒေဂီယာဟာ ဒီနှစ် ပရီမီယာလိဂ်ရာသီမှာ မန်ယူနဲ့အတူ အထူးအစွမ်းပြကစားပေးနေတဲ့ ဂိုးသမားဖြစ်ပါတယ်။ ဒီလိုအစွမ်းပြ ကြိုးစားအားထုတ်မှုတွေကြောင့် အသင်းဟောင်း အက်သလက်တီကိုနဲ့ ဥရောပချန်ပီယံ ရီးရဲမက်ဒရစ်တို့က အပြိုင်ခေါ်ယူဖို့ ကမ်းလှမ်းဆက်သွယ်မှုတွေ ပြုလုပ်လာပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ဒေဂီယာဟာ စပိန်ကလပ်တွေဆီကို ပြန်ဖို့လည်း ဖြစ်လာနိုင်ပါတယ်။ အဲဒီအချိန်မှာပဲ မန်ယူနည်းပြဗန်ဟားလ်ကတော့ ဒေဂီယာကို တစ်ပတ်ပေါင် နှစ်သိန်းပေးပြီး စာချုပ်ဖို့ ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ သူဟာ ၂၀၁၁ ခုနှစ် ဇွန်လက အက်သလက်တီကိုအသင်းမှ မန်ယူသို့ ပေါင် ၁၈ ဒသမ ၉ သန်းနဲ့ပြောင်းရွှေ့လာခဲ့တာပါ။ မန်ယူနဲ့ စာချုပ်က လာမယ့်ရာသီမှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ဒီအချိန်မှာပဲ ရီးရဲမက်ဒရစ်က ဂိုးသမားကြီး ကာဆီးလက် နေရာမှာ အစားထိုးဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မန်ယူကလည်း အသင်းမှာ ဆက်လက်တည်မြဲဖို့ ငွေပိုအောပြီး ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ ဒေဂီယာရဲ့ အဆုံးအဖြတ်ပေါ်မှာမူတည်နေပါတယ်။ မန်ယူမှာ ဆက်ရှိနိုင်သလို စပိန်သို့လည်း ပြောင်းရွှေ့သွားနိုင်ပါတယ်။

## ရိုင်ယံဂစ် မန်ယူနည်းပြ ဖြစ်လာနိုင်မလား



**ကောင်းမြတ်သူ စုစည်းသည်**

ရိုင်ယံဂစ်ဟာ မန်ယူမှာ နှစ်ပေါင်းများစွာကစားခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မန်ယူအသင်းရဲ့ ဒုတိယနည်းပြတာဝန်ယူထားတာပါ။ တစ်ချိန်ချိန်မှာတော့ မန်ယူနည်းပြ ဖြစ်လာနိုင်ပါတယ်။ လက်ရှိနည်းပြကြီး ဗန်ဟားလ်က သူ့နေရာမှာ ဆက်ခံမယ့်သူကတော့ ရိုင်ယံဂစ်ဖြစ်လာမယ်လို့ ယုံကြည်ထားပါတယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒေးဗစ်မိုရက်စ်ကို မန်ယူနည်းပြအဖြစ်မှ အလုပ်ဖြုတ်လိုက်ပြီးနောက် ၂၀၁၄ ခုနှစ် မေလက နည်းပြဖြစ်လာတဲ့ ဗန်ဟားလ်က အသက် ၄၁ နှစ်အရွယ်ရှိတဲ့ ရိုင်ယံဂစ်ကို လက်ထောက်မန်နေဂျာအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ အသက် ၆၃ နှစ်ရှိပြီဖြစ်တဲ့ ဗန်ဟားလ်ဟာ မန်ယူကို ပထမဆုံးရာသီအဖြစ် စတင်ကိုင်တွယ်မှု အဆုံးသတ်တော့မှာပါ။ ၄င်းဟာမန်ယူနဲ့ ၂၀၁၇ အထိ စာချုပ်ချုပ်ဆိုထားပါတယ်။ MUTV က ဗန်ဟားလ်ကို ရိုင်ယံဂစ်နဲ့ပတ်သက်လို့ မေးမြန်းရာမှာတော့ ကျွန်တော်ထွက်သွားတဲ့အချိန်မှာ သူနည်းပြဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ သူဟာ ကစားသမားတွေကို တာဝန်ကျေပွန်တဲ့ နည်းပြကောင်းတစ်ဦးဖြစ်ပါတယ်။ သူက ကျွန်တော့်ကို များစွာအထောက်အကူပြုပါတယ်လို့လည်း ဗန်ဟားလ်က ဆိုပါတယ်။ မိုယက်စ်ထွက်သွားပြီးတဲ့နောက် မန်ယူရဲ့တာဝန်ကို ဂုဏ်ယူစွာ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တယ်လို့ ရိုင်ယံဂစ်က ဆိုပါတယ်။ ဝေလသား ရိုင်ယံဂစ်ဟာ မန်ယူအတွက် ကစားသမားအဖြစ်လည်း ပွဲပေါင်း ၉၆၃ ပွဲ ကစားပေးခဲ့သူ ဖြစ်ပါတယ်။



4TV နှင့် 5 Network
ပရိသတ်ကြီးအတွက်

5
SPECIAL

"5 ဘိုင်စကုပ်" ရုပ်သံလိုင်းအား မေလ(၁) ရက်နေ့မှစ၍ "5 SPECIAL" ရုပ်သံလိုင်း အဖြစ် ပြောင်းလဲထုတ်လွှင့်မှာ ဖြစ်ပါတယ်။

4TV / 5 Network Receiver ရှိသူတိုင်း၊ 4TV / 5 Network မှ မည်သည့် Package ကိုမဆို ဝယ်ယူသက်တမ်းတိုးထားတဲ့ Customer အားလုံး 5 SPECIAL ရုပ်သံလိုင်းကို ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်...

အထူးခြားဆုံးအနေနဲ့ **IRON CROSS** ရဲ့ **LIVE 90** လို့အမည်ပေးထားတဲ့ One Man Show ပေါင်းများစွာကို **MAY 2015** ကစလို့ လစဉ်ဆက်တိုက် ထုတ်လွှင့်တင်ဆက်သွားမှာ ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်...

HOTLINE : **01-400878 | 01-2306166**

# မော်တော်ယာဉ်ကျွမ်းကျင်နည်းပညာများအတွက် ပြည်ပနိုင်ငံများသို့ စေလွှတ်ပညာသင်ကြားစေမည်

**ရန်ကုန် ဧပြီ ၂၆**

မြင့်မားလာသော မော်တော်ယာဉ် နည်းပညာများအတွက် ပြည်တွင်း ပြုပြင်ထိန်းသိမ်းမှုနှင့် ကျွမ်းကျင်နည်းပညာသင်ကြားမှု ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ကာ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချသူများ အသင်းမှ ကြိုးပမ်းလျက်ရှိရာ ယခုအခါ နိုင်ငံတကာမှ မော်တော်ယာဉ်နည်းပညာ အသင်းအဖွဲ့အချို့နှင့် သဘောတူစာချုပ်များ ချုပ်ဆိုထားပြီး ပြည်ပနိုင်ငံများသို့ ကျွမ်းကျင်မှု သင်တန်းများ စေလွှတ်သွားမည်ဖြစ်သည်။

"မော်တော်ယာဉ်အသစ်တွေကို တင်သွင်းခွင့်ပြုပြီးနောက်ပိုင်း တင်သွင်းလာကြတဲ့ မော်တော်ယာဉ်တွေရဲ့ မြင့်မားတဲ့ နည်းပညာတွေ လေ့လာတတ်ကျွမ်းဖို့က မဖြစ်မနေလိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ စနစ်တကျနဲ့ ပြုပြင်ထိန်းသိမ်းတဲ့ ကားဝပ်ရှော့အလုပ်ရုံတွေ နည်းပါးနေသေးတာမို့ ကျွန်တော်တို့အသင်းက ဦးစီးပြီး ပြည်ပ သင်တန်းတွေကို စကောလားရှစ်အစီအစဉ်နဲ့ စေလွှတ်ပေးဖို့ ရည်ရွယ်ထားပါတယ်"ဟု မြန်မာနိုင်ငံ မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာ စိုးထွန်းကပြောကြားသည်။



ထိုင်းနိုင်ငံ အခြေစိုက် နိုင်ငံတကာအဆင့်မီ မော်တော်ကားစက်ရုံတစ်ခုအား မြင်တွေ့ရစဉ်

တင်သွင်းလာသည့် မော်တော်ယာဉ်အချို့ နည်းပညာများမှာ လက်ရှိ ပြုပြင်ထိန်းသိမ်းမှုများနှင့် လုံလောက်မှုမရှိ ဖြစ်နေသည့်အပြင် မော်တော်ယာဉ်အပိုပစ္စည်း ရှားပါးခြင်းကိုလည်း မကြာခဏ ကြုံတွေ့နေရကြောင်း ယာဉ်ပိုင်ရှင်အချို့က ပြောကြားသည်။ လက်ရှိတွင် ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် ထိုင်ဝမ်တို့မှ မော်တော်ယာဉ်ထိန်းသိမ်းမှု နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့်အသင်းတို့ အပြန်အလှန် သဘောတူညီမှုစာချုပ်များ ချုပ်ဆိုထားပြီး မကြာမီပြည်ပနိုင်ငံများသို့ သင်တန်းသားများ စေလွှတ်ခြင်းနှင့် ပြည်တွင်းသို့ သင်တန်းများ လာရောက်ဖွင့်လှစ်ခြင်းတို့ကို ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် မူဝါဒ ပေါ်လစီကို စတင်ရေးဆွဲရန် အဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းလျက်ရှိပြီး ယင်းကို ခြောက်လအတွင်း ရေးဆွဲအကောင်အထည်ဖော်ရန် အဆိုပါအသင်းက ရည်ရွယ်ထားကြောင်း။

အဆိုပါ မူဝါဒအတွင်း မော်တော်ယာဉ် ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သည့် ကားဈေးကွက်၊ ထုတ်လုပ်မှုနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရမှ ကျွမ်းကျင်ပညာရှင်များကို ငှားရမ်းသွားမည်ဖြစ်ကာ မူဝါဒရေးဆွဲရန်အတွက် လိုအပ်သည့် အကူအညီများကိုလည်း ကမ်းလှမ်းထားကြောင်း ဆက်လက် ပြောကြားသည်။

မြန်မာ့မော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းထုတ်လုပ်မှု အခြေအနေနှင့် မော်တော်ယာဉ်နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ မွေးထုတ်ရေးတို့ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချသူများအသင်းမှ သိရှိရသည်။ **သတင်း-ခင်လေးမြင့်အောင်၊ ဓာတ်ပုံ- မေဦးမိုး**

## ကလေးသူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာအခက်အခဲများ စစ်တမ်းကောက်ယူ

**ချောင်းဆုံ ဧပြီ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကလေးသူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို တာဝန်ရှိသူများအား တင်ပြနိုင်ရန်နှင့် လိုအပ်နေသော ကလေးများအတွက် ထိရောက်သောအပြောင်းအလဲများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး Save the Children အဖွဲ့နှင့် မြို့နယ်ရွှေကျွန်းသာ ကွန်ရက်အဖွဲ့တို့ ပူးပေါင်းကာ ကလေးများဦးဆောင်ပါဝင်ဆောင်ရွက်ခြင်း သုတေသနတွေ့ရှိချက်သင်တန်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဧပြီ ၂၀ ရက်မှ ၂၄ ရက်အထိ စော်ကဲကျေးရွာအုပ်စု မုခနီးကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို Save the Children အဖွဲ့မှတာဝန်ခံ ဒေါ်နွေးနွေးပိုင်နှင့် ဦးဇော်မျိုးထွန်း၊ မြို့နယ်ရွှေကျွန်းသာကွန်ရက်အဖွဲ့မှ တာဝန်ခံ ဦးသန့်ဇင်ဝင်း၊ ဒေါ်ငြိမ်းငြိမ်းသန်း၊ ဒေါ်သွယ်သွယ်စိုးတို့က သင်တန်းပို့ချကာ (နတ်မှော်၊ စော်ကဲ၊ နှီးမှုတ်)ကျေးရွာတို့မှ ကလေးများတက်ရောက်ခဲ့ကြသည်။

ထို့နောက် အဆိုပါကလေးများအဖွဲ့က ကလေးသူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာအခက်အခဲများကို သုတေသနကွင်းဆင်းစစ်တမ်း ကောက်ယူရာ စော်ကဲကျေးရွာနှင့် မုခနီးကျေးရွာတို့တွင် အိမ်ခြေ ၁၁၀ ကို စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်မာဂျူဒိုနှင့် လာအိုဂျူဒိုအဖွဲ့ ပူးတွဲလေ့ကျင့်

**နေပြည်တော် ဧပြီ ၂၆**

မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ်အနေဖြင့်စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာဂျူဒိုအားကစားအဖွဲ့အောင်မြင်မှုရရှိစေရန်နှင့် အတွေ့အကြုံ ကောင်းများရရှိစေရန် လာအိုနိုင်ငံဂျူဒိုလက်ရွေးစင် အသင်းမှ ဂျပန်နည်းပြဆရာတစ်ဦး၊ အားကစားသမား အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦးတို့သည် ဧပြီ ၂၀ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာ့လက်ရွေးစင်ဂျူဒိုအသင်းနှင့်အတူ ပူးတွဲလေ့ကျင့်မှု များပြုလုပ်လျက်ရှိသည်။ ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည့် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း (TC-2) သို့ မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

**နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး**

# သကြၤန်အပြီးအရောင်းအဝယ်ကောင်းလာတဲ့ မန်းကျောက်ဈေးကွက်

**မန္တလေး ဧပြီ ၂၆**

ကာလအတော်ကြာ ဈေးကွက်ငြိမ်သက်နေသည့်မန္တလေးမြို့ မဟာအောင်မြေ ကျောက်ဝိုင်းတွင်ယခုနှစ်သကြၤန်အပြီး အရောင်းအဝယ်အနည်းငယ်လှုပ်ရှားမှုရှိလာကာ ဈေးကွက်အနေဖြင့်လည်း ပုံမှန်အနေအထားသို့ရောက်ရှိရန် မျှော်လင့်နေကြကြောင်း အဆိုပါကျောက်ဝိုင်းမှကျောက်ကုန်သည်ပွဲစားများထံမှ သိရသည်။

၂၀၁၀ နောက်ပိုင်းမှစပြီး ကျဆင်းလာသည့် ကျောက်ဝိုင်းဈေးကွက်တွင် တရုတ်ကုန်သည်များ လာရောက်ဝယ်ယူခြင်းရှိမှသာလျှင် ဈေးကွက်လှုပ်ခတ်မှုရှိပြီး ကုန်သည်များလာရောက်ဝယ်ယူခြင်းမရှိသည့်အတွက် ကျောက်အရောင်းအဝယ် နည်းပါးသွားခြင်းဖြစ်ကာ ဝယ်ရောင်းအချင်းချင်းပင်ပြန်လည်ရောင်းချနေရပြီး စားဝတ်နေရေး ဖြေရှင်းနေရသည့် အခြေအနေမှ ယခုနှစ်သကြၤန်အပြီး အရောင်းအဝယ်အနည်းငယ်ရှိလာခဲ့ကာ ယခင်ထက်ပိုမိုအဆင်ပြေလာကြောင်း ကျောက်ဝယ်ရောင်းလုပ်ကိုင်သူ ကိုနိုင်က ပြောသည်။

လက်ရှိတွင် ဝိုင်းအတွင်းရာပိုင်းကျောက်များနှင့် ဆယ်ပိုင်းကျောက်များ အများဆုံး အရောင်းအဝယ်ပြုလုပ်နေပြီး တရုတ်နိုင်ငံရှိ ရွှေလီဈေးကွက်သို့ သွားရောက်ရောင်းချရန်လည်း စီစဉ်ထားကြောင်း ကျောက်ကုန်သည် ကိုကျော်စိုးနိုင်က ပြောကြားသည်။

